# ဖက်ဒရယ်ပြည်ထောင်စု သဘောတရား

ရေးသားပြုစုသူ - အယ်ဒီတာအဖွဲ့

(KEM-Burma)

Knowledge
Exchange
Movement

**KEM (Burma), 2017**

Knowledge Exchange Movement ဟူသည်မှာ စိတ်ကူးစိတ်သန်းတစ်ခု (သို့) အတွေးအမြင်တစ်ခု (သို့) ယုံကြည်မှုတစ်ခု (သို့) လှုပ်ရှားမှုတစ်ခုဖြစ်သည်။

မိမိ၏ လူ့အဖွဲ့အစည်း ပိုမိုတိုးတက် သာယာငြိမ်းချမ်းရေးကို ရှေးရှု၍ ကျယ်ပြန့်ကွဲပြားသော အသိပညာ၊ အတွေးအမြင်၊ အကြောင်းအရာ၊ အတွေ့အကြုံများကို ရှာဖွေလေ့လာ၍ ဆွေးနွေးခြင်း၊ အဖြေရှာခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း၊ မျှဝေခြင်းကို ဆိုလိုသည်။ စာဖတ်သူအနေဖြင့်လည်း မိမိတို့၏ အဖွဲ့အစည်း၊ ပတ်ဝန်းကျင်တွင် ထိုကဲ့သို့ အပြုအမူများကို တတ်အားသဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

K E M (Burma) အဖွဲ့မှ အခမဲ့ဖြန့်ဝေခဲ့သော စာအုပ်များ

၁။ မြန်မာ့နိုင်ငံရေး အတွေးအခေါ် (Burmese Political Values) - ဒေါက်တာမောင်မောင်ကြီး

၂။ အတွေးအခေါ်တော်လှန်ရေး (Revolution of Mind) - Jonathan Isreal ၊ ဒေါက်တာအောင်ခင်

၃။ ငါနဲ့မတူ ငါ့ရန်သူ (Making Enemies) - Mary P. Callahan ၊ ဒေါက်တာအောင်ခင်

၄။ ကျောင်းတွင်း ဒီမိုကရေစီ - မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

၅။ ဒီမိုကရေစီ ဆိုဒါ (Defining Democracy) - သခင်ဘသောင်း ၊ အယ်ဒီတာအဖွဲ့ KEM (Burma)

၆။ ပြည်သူ့နီတိ (Civics) - ဦးဘဖေ ၊ အယ်ဒီတာအဖွဲ့KEM (Burma)

၇။ နိုင်ငံရေးအခြေပြု (Political Science) - မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ၊ အယ်ဒီတာအဖွဲ့ KEM (Burma)

၈။ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်နှင့် ၂၀၀၈ အခြေခံဥပဒေ - အယ်ဒီတာအဖွဲ့ KEM (Burma)

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လွှတ်လပ်ရေး ကြေညာစာတမ်း

၁၀။ လူ့အခွင့်အရေး (Human Rights) - ကျော်စွာဆွေ

၁၁။ ပဋိပက္ခများနှင့် မြန်မာပြည် - အယ်ဒီတာအဖွဲ့ KEM (Burma)

၁၂။ မဲပေးခြင်း အသိပညာ (Voter Education) - အယ်ဒီတာအဖွဲ့ KEM (Burma)

၁၃။ မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍ - အယ်ဒီတာအဖွဲ့ KEM (Burma)

၁၄။ ဒီမိုကရေစီနိုင်ငံသစ် တည်ထောင်ခြင်း - အယ်ဒီတာအဖွဲ့ KEM (Burma)

Knowledge
Exchange
Movement

From The People, To The People, With The People

# အခန်း (၁)

# နိဒါန်း

ကမ္ဘာ့ပေါ်မှာ လူ့အဖွဲ့အစည်းရယ်လို့ စတင်ဖြစ်တည်လာတဲ့ အချိန်ကာလကစပြီး လူသားတွေဟာ ကိုယ့်အစုအဝေးနဲ့ကိုယ် တသီးတခြားစီ စုဝေးနေထိုင် အသက်ရှင်ခဲ့ကြပါတယ်။ အသေးငယ်ဆုံးဖြစ်တဲ့ အစုအဝေးကို "မိသားစု (Family)" ဆိုပြီး ခေါ်ကြပါတယ်။ အဲဒီလိုနေထိုင်လာကြရင်းနဲ့ တစ်ခါတစ်ရံမှာတော့ အစာရေစာအတွက် ဘေးအန္တရာယ်တွေ၊ အခက်အခဲတွေကို တွေ့ကြုံလာတတ်ပါတယ်။ အဲဒီလို အခက်အခဲတွေကို နည်းပါးစေဖို့အတွက်နဲ့ ဘေးအန္တရာယ်တွေကို ရင်ဆိုင်နိုင်ဖို့အတွက် ဆွေမျိုးတော်စပ်တဲ့ မိသားစုတွေ စုပေါင်းနေထိုင်လာရာကနေ ပိုမိုကြီးမားတဲ့ "ဆွေမျိုးသားချင်းစု (Clan)" တွေ ဖြစ်လာခဲ့ပါတယ်။ သားချင်းစုတွေအဖြစ် စုပေါင်းနေထိုင်ကြတဲ့သူတွေဟာ တခြားဆွေမျိုးသားချင်းတွေနဲ့ မဆက်ဆံလို့ မရတဲ့ အခြေအနေတွေ ဖြစ်လာပါတယ်။

အဲ့ဒီနောက် မွေးမြူရေးနဲ့ စိုက်ပျိုးရေးတွေကို စတင်လုပ်ကိုင်လာကြတဲ့အတွက် လူ့အဖွဲ့အစည်းတွေမှာ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုတွေ စတင်ဖြစ်ပေါ်လာပါတော့တယ်။ နီးစပ်ရာ ဆွေမျိုးအုပ်စု အဖွဲ့အစည်းတွေ ပူးပေါင်းလာကြရာမှ လည်းကောင်း၊ ဆွေမျိုးသားချင်းတွေ အချင်းချင်း အိမ်ထောင်ဘက် တွေပြုကြရင်း တဖြည်းဖြည်းနဲ့ လူဦးရေအရေအတွက် ပိုမိုများပြားလာပြီး "လူမျိုးစုကလေး (Tribe)" တွေ ဖြစ်လာကြပြန်ပါတယ်။ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ကိုးကွယ်မှု အားလုံးနီးပါး တူညီကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆက်ဆံရေးတွေမှာ မခက်ခဲပေမယ့် လူဦးရေအစုအဝေး ပိုမိုကျယ်ပြန့်လာတဲ့အတွက် အခွင့်အရေးတွေရော တာဝန်ဝတ္တရားတွေရော ပိုပြီးများပြားလာပါတယ်။

လူမျိုးစုအုပ်စုတွေမှာလည်း ဆွေမျိုးအုပ်စုတွေလိုပဲ စုပေါင်းလုပ်ကိုင်ကြပြီး ကုန်ထုတ်လုပ်အရင်းအနှီးတွေကို စုပေါင်းပိုင်ဆိုင်ကြပါတယ်။ လူမျိုးစုအုပ်စုတွေ နေထိုင်တဲ့ ဒေသအတွင်းမှာ

ရှိနေတဲ့ သဘာဝ သယံဇာတပစ္စည်းတွေ၊ အမဲလိုက်ငါးမျှားရာ နေရာတွေ၊ သစ်တောတွေ၊ မြစ်ချောင်းနဲ့ စိုက်ပျိုးမြေတွေကိုလည်း လူမျိုးစုတွေ စုပေါင်းပိုင် (ဘုံပိုင်ဆိုင်မှု)အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ လူမျိုးစုအုပ်စုတွေရဲ့ ပိုင်နက်နယ်မြေတွေကို မြစ်တွေ၊ ချောင်းတွေ၊ တောင်တန်းတွေကို အမှတ်အသားပြုပြီး နယ်နမိတ်တွေအဖြစ် ခွဲခြားသတ်မှတ်ခဲ့ကြပါတယ်။

ဒီလို လူမျိုးစုကလေးတွေ အမြောက်အမြားဟာ တစ်စုနဲ့တစ်စု မသိကြပဲ ကမ္ဘာအနှံ့အပြားမှာ နှစ်ကာလပေါင်းများစွာ နေထိုင်ခဲ့ကြပါတယ်။ နယ်မြေတစ်နေရာကနေ တစ်ခြားတစ်နေရာကို ရေကြည်ရာ မြက်နုရာဆိုသလို လှည့်လည်သွားလာပြီး အခြေချနေထိုင်ခဲ့ကြပါတယ်။ တစ်ခါတစ်ရံမှာလည်း လူမျိုးစု တစ်စုနဲ့တစ်စု မသင့်မတင့်ဖြစ်ကာ တိုက်ကြခိုက်ကြပြီး နယ်မြေတွေ လုကြပါတယ်။ တစ်ခါတစ်ရံ ပြန်ပြီးတော့လည်း သင့်တင့်ညီညွှတ် သွားကြပြန်ပါတယ်။ အတူပူးပေါင်းပြီး နေထိုင်ကြတာမျိုးတွေလည်း ရှိပါတယ်။

လူမျိုးစု အဖွဲ့အစည်းတွေ အတော်အသင့် အခြေခိုင်လာတဲ့ အခါမှာတော့ လူမျိုးစုခေါင်းဆောင်တွေ (Tribal Leader) စတင်ပေါ်ပေါက်လာပါတော့တယ်။ လူမှုစည်းမျဉ်းတွေ၊ ထုံးတမ်းအစဉ်အလာတွေနဲ့ ရိုးရာဓလေ့တွေလည်း တဖြည်းဖြည်း ဖြစ်ထွန်းလာခဲ့ကြပါတယ်။ လူမျိုးစု၊ ဆွေမျိုးစုတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ကြီးကြပ်ကွပ်ကဲဖို့အတွက် လူမျိုးစုခေါင်းဆောင်တွေကို ချမှတ်ထားတဲ့ ထုံးတမ်းတွေနဲ့အညီ အများသဘောတူ တင်မြှောက်ကြတာ ဖြစ်ပါတယ်။ လူမျိုးစုခေါင်းဆောင်ဟာ သူ့ရဲ့သြဇာအာဏာတွေကို သားစဉ်မြေးဆက် လွှဲပြောင်းပေးတာမျိုးကို မပြုလုပ်နိုင်ပါဘူး။ လူမျိုးစုခေါင်းဆောင်တွေရဲ့ သြဇာအာဏာဟာလည်း အများဆန္ဒသဘောတူညီမှုပေါ်မှာပဲ မူတည်ပါတယ်။

လူမျိုးစုခေါင်းဆောင်တွေမှာ ရှိတဲ့ သြဇာအာဏာတွေဟာလည်း နိုင်ငံရေးနည်းလမ်းတွေအရ ရရှိလာတဲ့ နိုင်ငံရေးအာဏာမျိုးမဟုတ်ပဲ အစဉ်အလာ/လူမှုရေးနည်းလမ်းတွေအရ ရရှိထားတဲ့ သြဇာအာဏာမျိုးပဲဖြစ်ပါတယ်။ ဒါကြောင့် လူမျိုးစုခေါင်းဆောင်တွေရဲ့ ဆောင်ရွက်မှုတွေဟာ ချမှတ်ထားတဲ့ ထုံးတမ်းတွေနဲ့ မညီတော့ရင် ခေါင်းဆောင်အဖြစ်ကနေ ဖယ်ရှားနိုင်ပါတယ်။

လူမျိုးစုတစ်ခုလုံးနဲ့ ပတ်သက်ဆက်နွယ်တဲ့ ရေးရာကိစ္စတွေကို စီမံဆောင်ရွက်ကြတဲ့ နေရာမှာတော့ အားလုံးက ပါဝင်ကြပါတယ်။ ဒါကြောင့် သမိုင်းဦးဘုံစနစ်မှာ အစိုးရနဲ့ ဆင်တူရိုးမှားတူတဲ့ အဖွဲ့အစည်းကို မတွေ့ရှိနိုင်ပါဘူး။

ဒါပေမယ့်လည်း လူမျိုးစု အဖွဲ့အစည်းတွေဟာ အစိုးရစနစ်ရဲ့ မူလအစပဲ ဖြစ်ပါတယ်။ ရှေးအကျဆုံး အစိုးရစနစ်လို့လည်း သတ်မှတ်နိုင်ပါတယ်။ လူမျိုးစုခေါင်းဆောင်တွေ အချင်းချင်း သဘောတူညီမှု ရယူ၍၄င်း၊ အင်အားနည်းတဲ့ လူမျိုးစုတွေကို သိမ်းသွင်းခြင်းအားဖြင့်၄င်း၊ လူမျိုးစုတွေကို ပေါင်းစည်းကြခြင်းဖြင့်၄င်း လူမျိုးစုတွေရဲ့ အာဏာစက်ကို ပိုမိုကျယ်ပြန့်စေခဲ့ပါတယ်။ နယ်မြေချဲ့ထွင်တဲ့ တိုက်ပွဲတွေဆင်နွှဲခြင်းဖြင့်လည်း အာဏာစက်တွေကို ချဲ့ထွင်ခဲ့ကြပါတယ်။

အဲဒီလို ပေါင်းစုထားတဲ့ လူမျိုးစုအဖွဲ့အစည်းတွေမှာ လူဦးရေအများဆုံးနဲ့ အင်အားအတောင့်တင်းဆုံး လူမျိုးစုဟာ အဓိကကြိုးကိုင် ချယ်လှယ်ကြသူတွေ ဖြစ်ပါတယ်။ လူမျိုးစု အကြီးအကဲ (Cheifdom) တွေဟာလည်း သူတို့ရဲ့ ဩဇာအာဏာကို ပိုမိုခိုင်မာလာအောင် တဖြည်းဖြည်း ပြုလုပ်လာကြတာကြောင့် ဘုရင်/ခေါင်းဆောင်တွေ အဖြစ်သို့ ရောက်ရှိလာကြပါတော့တယ်။ အုပ်ချုပ်သူ ဆွေမျိုးစု အဖွဲ့အစည်းထဲက သူကိုသာ ဘုရင်/ခေါင်းဆောင်တွေကို တင်မြှောက်ကြပါတယ်။ ဘုရင်/ခေါင်းဆောင်တွေရဲ့ အာဏာကို သားစဉ်မြေးဆက် ဆက်ခံပြီး ဆောင်ရွက်လေ့ရှိပါတယ်။

ဘုရင်/ခေါင်းဆောင်တွေကတော့ ထုံးတမ်းအစဉ်လာတွေ၊ ရိုးရာဥပဒေတွေအပြင် တချက်လွှတ်အမိန့်တွေကိုသုံးပြီး အုပ်စိုးခဲ့ကြပါတယ်။ ဘုရင်တွေဟာ တိုင်းသူပြည်သားတွေကို အုပ်စိုးခံ၊ လက်အောက်ခံလိုသာ  သဘောထားပြီး စိတ်ထင်သလို အုပ်စိုးခဲ့ကြပါတယ်။ ဒ့ါအပြင် ယုံကြည်ရတဲ့ သူတွေကိုပဲ နယ်စားပယ်စားတွေအဖြစ် နယ်မြေတွေကို အပိုင်စားပေးပြီး လက်ဝေခံ သဘောမျိုး အုပ်ချုပ်ခဲ့ကြပါတယ်။

သမိုင်းဦးကာလ တစ်လျှောက်လုံး လူသားတွေဟာ သူတို့ရဲ့ အစားအစာအတွက် အမဲလိုက်ခြင်းနဲ့ လိုက်လံရှာဖွေ စုဆောင်းခြင်းအားဖြင့် ဖြေရှင်းကြပါတယ်။ မွေးမြူရေး/စိုက်ပျိုးရေး အတတ်တွေကိုလည်း တဖြည်းဖြည်း ကျွမ်းကျင်တတ်မြောက်လာခဲ့ကြပါတယ်။ စိုက်ပျိုးမြေကောင်းမွန်တဲ့ နယ်မြေတွေဆီကို ရွှေ့ပြောင်းအခြေချ နေထိုင်လာကြပါတယ်။ မြေသြဇာကောင်းမွန်တဲ့ မြစ်ဝှမ်းလွင်ပြင်ဒေသတွေနဲ့ ကမ်းရိုးတန်းတလျှောက်ဒေသမှာ ပိုမိုအခြေချနေထိုင်ကြတဲ့အတွက် လူဦးရေ ပိုမိုထူထပ် များပြားလာပြီး အဲဒီလိုဒေသတွေမှာ မြို့နိုင်ငံငယ် (City State)တွေ အများအပြား ပေါ်ထွန်းခဲ့ကြပါတယ်။

ကုန်သွယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာကြတဲ့အတွက် ရောင်းဝယ်ရေးဗဟိုဌာနတွေဖြစ်တဲ့ မြို့ကြီးတွေလည်း ပေါ်ပေါက်လာကြပြန်ပါတယ်။ အစပိုင်းမြို့ကြီးတွေဟာ ကုန်စည်များဖလှယ်တဲ့ နေရာတွေ ဖြစ်ကြပါတယ်။ အဲဒီမြို့ကြီးတွေကို ခံတပ်ကြီးတွေ အနီးနားတွင်၄င်း၊ လူမျိုးစုတွေ အမြဲတန်းနေထိုင်ရာ ဒေသများတွင်၄င်း၊ ကုန်သွယ်ရေးလမ်းကြောင်းဆုံစည်းရာ အရပ်များတွင်၄င်း၊ စမ်းချောင်းတွေ၊ ရေကန်တွေရှိရာ နေရာတွေမှာ၄င်း တည်ဆောက်ကြလေ့ရှိပါတယ်။

ဒီလိုနဲ့ နှောင်နှစ်ပေါင်းများစွာ ကြာလာပြီး ယဉ်ကျေးမှုတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် "အမျိုးသားစုကြီး" (Nation) တွေဖြစ်အောင် ဖွဲ့စည်းနိုင်လာကြပါတယ်။ "အမျိုးသားစုကြီး"တွေမှာ နယ်မြေဒေသတစ်ခုအတွင်း နေထိုင်ကြတဲ့ မတူညီတဲ့ လူမျိုးစုတွေနဲ့ မျိုးနွယ်စုတွေ ပါဝင်ကြပါတယ်။ အဲဒီလို "အမျိုးသားစုကြီး" တွေအဖြစ် စုစည်းတတ်လာကြတဲ့အတွက်ကြောင့်မို့ ပိုပြီးများမြောင်လှတဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ဖို့ ဖြစ်လာပါတယ်။ ဘာသာရေး ကိုးကွယ်မှု၊ စီးပွားရှာမှု၊ အုပ်ချုပ်ရေးနဲ့ဆိုင်တဲ့ ကိစ္စတွေဟာလည်း ပိုပြီးတော့တောင် ရှုပ်ထွေးလာပါတယ်။

အရင်းရှင်စနစ် စတင်ပေါ်လာတဲ့ အခါမှာတော့ ရှိရင်းစွဲဖြစ်တဲ့ အမျိုးသားအုပ်စုတွေရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအကျိုးအတွက် "အမျိုးသားနိုင်ငံ (Nation State)"တွေ စတင်ပေါ်ထွန်းလာပါတော့တယ်။

လူသားတွေဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုဆိုင်ရာ ရည်မှန်းချက်တွေ မြင့်မားလာကြတဲ့အတွက်ကြောင့် အမျိုးသားစုကြီးတွေကို စုစည်းနိုင်ခဲ့ကြပြီး ကြီးမားကျယ်ပြန့်တဲ့ ခေတ်သစ်တိုင်းပြည်နိုင်ငံတော်တွေကို တည်ထောင်ခဲ့ကြပြန်ပါတယ်။ သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုတွေကလည်း ခေတ်သစ်တိုင်းပြည်နိုင်ငံတော်တွေ ဖြစ်ထွန်းလာဖို့အတွက် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ အချုပ်အခြာအာဏာကို ကျန်တိုင်းပြည်တွေက အပြန်အလှန်အနေနဲ့ အသိအမှတ်ပြုလာကြပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ပြည်တွင်းရေးရာတွေကို ကျန်တိုင်းပြည်တွေက ဝင်ရောက်စွက်ဖက်ခွင့် မရှိကြတော့ပါဘူး။

ဒါပေမယ့် တိုင်းပြည်နိုင်ငံတော်တွေကို အလွယ်တကူနဲ့တော့ တည်ဆောက်နိုင်ခဲ့ကြတာမဟုတ်ပါဘူး။ အဲဒီလိုပဲ တိုင်းပြည်နိုင်ငံတော်တွေကိုလည်း လူမျိုးတစ်မျိုးတည်း၊ ယုံကြည်ကိုးကွယ်ရာ ဘာသာတစ်မျိုးတည်းကိုသာ မူတည် ပြီး တည်ထောင်ကြတယ်ဆိုတာ မရှိသလောက်ပါပဲ။

လူသားတွေရဲ့ သဘာဝ လိုအပ်ချက်များနဲ့ လိုလားတောင့်တမှုများကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးစားရုန်းကန်ကြရင်း နိုင်ငံတော် (State) စတင်ပေါ်ပေါက်လာခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေးဘဝမှာ ပါဝင်စွက်ဖက် ဆောင်ရွက်ပိုင်ခွင့်ရပြီး နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ခံစားပိုင်ခွင့်ရှိတဲ့ နိုင်ငံသားဆိုတဲ့ အယူအဆလည်း ပေါ်ပေါက်လာတယ်။ နိုင်ငံတော်ဆိုတာဟာ သတ်မှတ်ထားတဲ့ နယ်နမိတ်အတွင်း လူသားတွေ ပူးပေါင်းပြီး ဖွဲ့စည်းတည်ဆောက်ထားကြတဲ့ အဆင့်အမြင့်ဆုံး အဖွဲ့အစည်း တစ်ရပ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ပါဝင်ကြတဲ့ နိုင်ငံသားတွေကလည်း တစ်ဦးနဲ့တစ်ဦး လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြားပဲ တန်းတူညီမျှ ဆက်ဆံလာကြရပါတယ်။

တနည်းအားဖြင့် နိုင်ငံတော်ဆိုတာဟာ လူသားတွေရဲ့ဘဝကို ပြည့်စုံစေသော၊ လိုအင်ဆန္ဒတွေကို ပေးစွမ်းနိုင်သော အဖွဲ့အစည်းပဲဖြစ်ပါတယ်။ လူသားတွေအနေနဲ့ နိုင်ငံတော်အတွင်း နိုင်ငံသားများအဖြစ် နေထိုင်ခြင်းကသာ ပြည့်ဝတဲ့ ဘဝတွေကို ရရှိခံစားနိုင်မှာပဲ ဖြစ်ပါတယ်။

Knowledge
Exchange
Movement

## အခန်း (၂)

## ဖက်ဒရယ်ပြည်ထောင်စုဆိုသည်မှာ

မျက်မှောက်ကာလတွင် တိုင်းပြည်တစ်ပြည်ကို ဖွဲ့စည်းတည်ထောင်ကြရာမှာ အများအားဖြင့် တစ်ပြည်ထောင်စနစ် (Unitary)နဲ့ ပြည်ထောင်စုစနစ် (Federal)ဆိုပြီး ဖွဲ့စည်းကြပါတယ်။ တိုင်းပြည်တွေရဲ့ သမိုင်းဖြတ်သန်းမှု၊ နိုင်ငံရေးအခင်းအကျင်းနဲ့ အနာဂတ် မျှော်မှန်းချက်တွေအပေါ် မူတည်ပြီး တိုင်းပြည်တွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေ ကွဲပြားကြလေ့ ရှိပါတယ်။ တစ်ပြည်ထောင်စနစ်ကနေ ပြည်ထောင်စုစနစ်ကို ပြောင်းလဲပြီး ကျင့်သုံးကြတဲ့ တိုင်းပြည်တွေရှိသလို ပြည်ထောင်စုစနစ်ကနေ တစ်ပြည်ထောင်စနစ်အဖြစ် ပြောင်းလဲပြီး ကျင့်သုံးကြတာတွေလည်း ရှိပါတယ်။


- တစ်ပြည်ထောင်စနစ် (Unitary)

တစ်ပြည်ထောင်စနစ်မှာ ဒေသန္တရ (ပြည်နယ်/ ဒေသ) အစိုးရတွေကို ဗဟိုအစိုးရက ဖန်တီးတည်ထောင် ပေးထားတာ ဖြစ်ပါတယ်။ ဒေသန္တရ အစိုးရတွေဆီကို ပေးအပ်ထားတဲ့ အာဏာတွေကို ဗဟိုအစိုးရက ပြန်လည်ပြီး ရုတ်သိမ်းနိုင်ပါတယ်။ အဲဒီ ဒေသန္တရ အစိုးရတွေကို ဖျက်သိမ်းနိုင်တဲ့၊ ပြောင်းလဲနိုင်တဲ့ အာဏာကိုလည်း ဗဟိုအစိုးရကသာ ပိုင်ဆိုင်ပါတယ်။ ဒါ့ကြောင့် အချုပ်အခြာအာဏာကို ဗဟိုအစိုးရကသာ အလုံးစုံ ပိုင်ဆိုင်ထားပါတယ်။


- ပြည်ထောင်စုစနစ် (Federal)

ပြည်ထောင်စုစနစ်မှာတော့ ဗဟိုအစိုးရ(ပြည်ထောင်စုအစိုးရ)ရဲ့ အာဏာနဲ့ ပြည် ထောင်စုအဖွဲ့ဝင် ဒေသန္တရ (ပြည်နယ်/ ဒေသ) အစိုးရတွေရဲ့ အာဏာတွေဟာ ဖွဲ့စည်းပုံ အခြေခံဥပ


ဒေသကနေ ဆင်းသက်လာတာဖြစ်ပါတယ်။ အချုပ်အခြာအာဏာကို ဗဟိုအစိုးရနဲ့ ဒေသန္တရ (ပြည်နယ်/ဒေသ) အစိုးရတွေကသာ အတူပူးပေါင်း ပိုင်ဆိုင်ကြပါတယ်။




*(ကွဲပြားခြားနားပြီး ကိုယ်ပိုင်အုပ်ချုပ်စီမံလိုသော အခြေအနေ၊ သီးခြားနိုင်ငံများအဖြစ် ထည်ထောင်၍ နေထိုင်လိုကြ)*




*(စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လိုသော အခြေအနေ၊ ကွဲပြားခြားနားမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်စီမံမှု ကင်းမဲ့သည့် အခြေအနေ)*




*(ကွဲပြားခြားနားကြသော်လည်း ကိုယ်ပိုင်အုပ်ချုပ်စီမံမှုကို စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်မှုအတွင်း ရရှိလိုသော အခြေအနေ)*

ဒါကြောင့် ပြည်ထောင်စု အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြောင်းလဲ၊ မပြင်ဆင်ပဲနဲ့ ပြည်နယ်အစိုးရနဲ့ ဗဟိုအစိုးရရဲ့အာဏာတွေကို မပြောင်းလဲနိုင်ပါဘူး။ ပြည်ထောင်စုစနစ်မှာ ဖွဲ့စည်းထားတဲ့ အစိုးရ အဆင့်(၂)ဆင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိထားတဲ့ အာဏာတွေကို လွတ်လပ်စွာ အသုံးပြုနိုင်ကြပါတယ်။

ဖက်ဒရယ်ဟူသော စကားရပ်သည် "Foedus"နှင့် "Fedes" ဟူသော စကားလုံးနှစ်လုံးကို ပေါင်းစပ်ပြီး ဆင်းသက်လာတာ ဖြစ်ပါတယ်။ ဖက်ဒရယ်ရဲ့ အဓိပ္ပာယ်ကတော့ "သဘောတူစာချုပ် ချုပ်ဆိုခြင်း (ဂါ) ပဋိညာဉ်ပြုလုပ်ခြင်း" ဖြစ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုဆိုသည်မှာ အချုပ်အခြာအာဏာ သီးခြားစီ ပိုင်ဆိုင်ခဲ့ကြတဲ့ နိုင်ငံ/နယ်မြေဒေသတွေ မိမိတို့ရဲ့ ဆန္ဒသဘောအရ တန်းတူရည်တူ စုစည်းပူးပေါင်းပြီး ဖွဲ့စည်းထားတဲ့ နိုင်ငံရေး အစုအဖွဲ့တစ်ခု ဖြစ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုမှာ ပါဝင်တဲ့ ပြည်နယ်/ဒေသ တစ်ခုနဲ့တစ်ခုကြားက အာဏာခွဲဝေမှု၊ ပြည်နယ်တွေနဲ့ ဗဟို(ပြည်ထောင်စု)အစိုးရကြားက အာဏာခွဲဝေမှုတွေကို အခြေခံဥပဒေအရ ရေးဆွဲပြဋ္ဌာန်းထားကြပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုဝင် ပြည်နယ်/ဒေသတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်တွေနဲ့ အတိုင်းအတာကိုလည်း အခြေခံဥပဒေထဲမှာ ထည့်သွင်းပြီး ရေးဆွဲပြဋ္ဌာန်းထားကြပါတယ်။

အဲဒီလို အခြေခံဥပဒေထဲမှာ ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းထားတဲ့ အာဏာခွဲဝေမှုပုံစံကို ဗဟိုအစိုးရ အပါအဝင် မည်သည့် ပြည်ထောင်စုဝင် ပြည်နယ်တွေအနေနှင့် တဘက်သတ် ပြောင်းလဲပြင်ဆင်မှု မပြုလုပ်နိုင်ပါဘူး။ ပြည်ထောင်စု အစိုးရစနစ်မှာ အခြေခံဥပဒေကသာ အဓိကကျပါတယ်။ ပြည်နယ်အစိုးရတွေက ဗဟိုအစိုးရရဲ့ တာဝန်တွေကို ဝင်ရောက်စွက်ဖက်ခြင်း မရှိသကဲ့သို့ ဗဟိုအစိုးရကလည်း ပြည်နယ်အစိုးရရဲ့ လုပ်ငန်းတွေကို ဝင်ရောက်စွက်ဖက်တာတွေ မပြုလုပ်နိုင်ကြပါဘူး။ ဒါကြောင့် ဖက်ဒရယ်စနစ်ဆိုတာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-

Rule)နဲ့ စုပေါင်းမျှဝေ အုပ်ချုပ်ခွင့် (Shared-Rule)တွေကို အတူပူးပေါင်းပြီး ကျင့်သုံးတဲ့ စနစ်မျိုး ပဲ ဖြစ်ပါတယ်။

အဲဒီလို ကျင့်သုံးကြတာကြောင့် တချိန်တည်းမှာ တစ်တိုင်းပြည်လုံးနဲ့ ပတ်သက်တဲ့ အရေးအရာတွေကို စုစုစည်းစည်းနဲ့ ဆောင်ရွက်နိုင်သလို တိုင်းပြည်ကိုလည်း စည်းလုံးညီညွတ်နေအောင်လို့ ထိန်းသိမ်းထားနိုင်ပါတယ်။ ဖက်ဒရယ်စနစ်ဟာ  အရေးအရာကိစ္စရပ်တချို့အပေါ် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒနဲ့  အခြားကိစ္စရပ်တွေအပေါ်မှာ ကွဲပြားခြားနားစွာ လွတ်လွတ်လပ်လပ် ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒတွေကို ပေါင်းစပ်ဖို့အတွက် ကြိုးပမ်းမှုပဲ ဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေကြတဲ့ တိုင်းပြည်တွေဟာ ဖက်ဒရယ်ဆိုတဲ့ စကားလုံးနဲ့ သူတို့ကိုသူတို့ မဖော်ပြ၊ မသုံးစွဲကြတာမျိုးလည်း ရှိပါတယ်။ ဖက်ဒရယ်အဆင့် အစိုးရကို ဗဟိုအစိုးရ (ဂ) အမျိုးသားအစိုးရ (ဂ) ပြည်ထောင်စုအစိုးရ ဆိုပြီး အမျိုးမျိုး သတ်မှတ်ခေါ်ဆိုကြပါတယ်။

ပြည်ထောင်စုဝင် ပါဝင်နယ်မြေတွေကိုလည်း တိုင်းပြည်အလိုက် အမည်အမျိုးမျိုး ပေးလေ့ရှိကြပါတယ်။ ဥပမာအားဖြင့်

"*ပြည်နယ်*" (ဘရာဇီး၊ အမေရိကန်ပြည်ထောင်စုနဲ့ ဩစတေးလျှနိုင်ငံ)၊

"*ဒေသ*"(ဘယ်လဂျီယံ၊ အီတလီ)၊

"*ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရပ်ရွာအသိုက်အဝန်း*" (စပိန်)၊

"*စီရင်စုနယ်မြေ*"(အာဂျင်တီးနား၊ ကနေဒါနဲ့ တောင်အာဖရိက)

အဲဒီလို အခေါ်အဝေါ်ကွဲပြားကြတာဟာ တိုင်းပြည်အလိုက် သမိုင်းကြောင်းပေါ်မူတည်ပြီး အမည်သတ်မှတ် ခေါ်ဆိုပုံ မတူညီကြသာ ဖြစ်ပါတယ်။ အဲဒီလို အခေါ်အဝေါ်အားဖြင့် ကွဲပြားတာဟာ ဖက်ဒရယ်စနစ်ရဲ့ ပေါ်ထွန်းလာပုံ၊ အနှစ်သာရ၊  အာဏာခွဲဝေ ကျင့်သုံးကြပုံတွေနဲ့ ဘယ်လိုမှ မသက်ဆိုင်၊ မဆက်နွယ်ပါဘူး။ ကမ္ဘာပေါ်မှာ ဖက်ဒရယ်ပြည်ထောင်စုတွေ ဖြစ်ထွန်းပေါ်ပေါက်လာပုံကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပါတယ်။

၁။ *အတူယှဉ်တွဲ ဖက်ဒရယ်ပုံစံ (Coming Together Federalism)*

အချုပ်အခြာအာဏာကို ကိုယ်စီသီးခြား ပိုင်ဆိုင်ထားကြတဲ့ နယ်မြေတွေက သူတို့တွေရဲ့ စုပေါင်းလုံခြုံရေးနဲ့ စီးပွားရေး အပါအဝင် နိုင်ငံရေးရည်မှန်းချက်တွေကို ရရှိနိုင်ဖို့အတွက် ကိုယ်စီပိုင်ဆိုင်ထားကြတဲ့ အရင်းအမြစ်တွေကို ဘုံစုပေါင်းအဖြစ် အသုံးပြုနိုင်ရန် သူတို့ရဲ့အချုပ်အခြာအာဏာ တစ်ချို့တစ်ဝက်ကို စွန့်လွှတ်ကြပြီး အပေးအယူ ညှိနှိုင်းမှုတွေ ပြုလုပ်ကြတာကနေ ပေါ်ပေါက်လာတဲ့ ဖက်ဒရယ်ပြည်ထောင်စု ပုံစံတစ်ခု ဖြစ်ပါတယ်။

ဥပမာ - အမေရိကန်ပြည်ထောင်စု၊ ဩစတေးလျှနိုင်ငံ

၂။ *အတူပေါင်းစည်း ဖက်ဒရယ်ပုံစံ (Holding Together Federalism)*

တစ်ချို့နိုင်ငံတွေမှာ နိုင်ငံကို ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တစုတစည်းတည်း တည်ရှိနေစေဖို့အတွက် ဗဟိုမှာရှိနေတဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို အောက်ခြေကို အခြေခံဥပဒေနည်းအရ စည်းစနစ်တကျ ခွဲဝေပေးအပ်ထားကြပါတယ်။ ခွဲထွက်မှာ စိုးရိမ်ရတဲ့ ပြည်နယ်/ဒေသတွေကို ဖက်ဒရေးရှင်းအဖြစ် စုဖွဲ့ကြတဲ့အတွက် ဖြစ်ပေါ်လာရတဲ့ ဖက်ဒရယ်ပြည်ထောင်စု ပုံစံတစ်မျိုး ဖြစ်ပါတယ်။

ဥပမာ - အိန္ဒိယနိုင်ငံ၊ စပိန်နိုင်ငံ၊ ဘယ်(လ်)ဂျီယံနိုင်ငံ

၃။ *အတူသွတ်သွင်း ဖက်ဒရယ်ပုံစံ (Putting Together Federalism)*

ဒီမိုကရေစီစနစ်ကို မကျင့်သုံးဘဲ ဗဟိုချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတစ်ခုကနေ အခြားလွတ်လပ်တဲ့ နိုင်ငံငယ်လေးတွေကို အတင်းအကျပ် သွတ်သွင်းခြင်းအားဖြင့် လူမျိုးပေါင်းစုံ ပါဝင်ကြတဲ့ ဖက်ဒရယ် ပြည်ထောင်စုအဖြစ် ဖြစ်တည်ပေါ်ပေါက်လာတဲ့ နိုင်ငံမျိုးဖြစ်ပါတယ်။

ဥပမာ - ဆိုဗီယက်ပြည်ထောင်စု

## အခန်း (၃)

## ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရခြင်း ရည်ရွယ်ချက်များ

ဖက်ဒရယ်စနစ်ကို တည်ထောင်ကြရတဲ့ ရည်ရွယ်ချက်တွေ အများအပြားရှိတဲ့အနက် ရည်ရွယ်ချက်တစ်ချက်ကတော့ တစ်သီးပုဂ္ဂလ အခွင့်အရေးတွေကို ဗဟိုအစိုးရက မချိုးဖောက်နိုင်အောင် အကာအကွယ်ပေးဖို့ပဲ ဖြစ်ပါတယ်။ လူနည်းစုတွေရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေအပေါ် လူအများစုရဲ့ အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမှုကနေ အကာအကွယ်ပေးဖို့လည်း ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းခြင်းဖြင့် နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ ပိုမိုဖြစ်ထွန်းလာနိုင်တယ်လို့ ယုံကြည်မျှော်လင့်ကြတဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ထောင်ကြပါတယ်။

ပြောဆိုကြတဲ့ ဘာသာစကားတွေက စုံလင်များပြားနေပြီး နေထိုင်ကြတဲ့ လူမျိုးတွေကလည်း အများကြီးရှိနေမယ်၊ ဒါ့အပြင် နယ်မြေအကျယ်အဝန်းကလည်း ကြီးမားကျယ်ပြန့်တဲ့ နိုင်ငံကို ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံအဖြစ် တည်ဆောက်ချင်တယ်ဆိုရင်တော့ အဲဒီလို နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းကြရမှာ ဖြစ်ပါတယ်။

ယဉ်ကျေးမှု မတူညီကွဲပြားပြီး လူမျိုးပေါင်းစုံ ပါဝင်နေတဲ့ လူ့အသိုက်အဝန်းတွေကို တစ်စုတစ်စည်းဖြစ်တဲ့ နိုင်ငံတစ်ခုအဖြစ် ဖွဲ့စည်းနိုင်ဖို့အတွက်ဆိုရင် ဘာသာစကား၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ လုပ်ပိုင်ခွင့်တွေကို သက်ဆိုင်ရာ ပြည်နယ်/ဒေသတွေကို ပေးအပ်ထားဖို့ လိုအပ်ပါတယ်။ ပြည်နယ်/ဒေသတွေနဲ့ သက်ဆိုင်တဲ့ ဥပဒေပြဋ္ဌာန်းခွင့်တွေကိုလည်း ပြည်နယ်/ဒေသတွေထံ အပ်နှင်းထားဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စု(ဗဟို)အစိုးရရဲ့ တဘက်သက် လုပ်ဆောင်မှုတွေအပေါ် ပြည်နယ်/ဒေသဆိုင်ရာ အစိုးရတွေအနေနဲ့ တားဆီးထိန်းချုပ်နိုင်ဖို့ အတွက် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြလေ့ရှိပါတယ်။

ယဉ်ကျေးမှု တစ်ခုတည်း ဖြစ်ပေမယ့်လည်း နယ်မြေအကျယ်အဝန်းက အလွန်အင်မတန်ကြီးမားကျယ်ပြန့်တဲ့ တိုင်းပြည်တွေအနေနဲ့လည်း သက်ဆိုင်ရာနယ်မြေဒေသမှာ နေထိုင်ကြတဲ့ ပြည်သူတွေကို သူတို့နဲ့သက်ဆိုင်တဲ့ မူဝါဒတွေ ချမှတ်ခွင့်အာဏာနဲ့ အရင်းအမြစ်တွေနဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲခွင့်အာဏာကို ပိုမိုပေးအပ်ထားခြင်းအားဖြင့် ဒီမိုကရေစီနည်းအရ ကိုယ်စားပြုမှုနဲ့ တာဝန်ခံယူမှုတွေကို ပိုမိုတိုးတက် ကောင်းမွန်လာအောင်လို့ ပြုလုပ်နိုင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုမှာ ပါဝင်ကြတဲ့ ပြည်နယ်/ဒေသတွေအနေနဲ့ လုပ်ပိုင်ခွင့် အခွင့်အရေးတွေကို ပိုင်ဆိုင်နေကြပေမယ့်လည်း နိုင်ငံသားတွေရဲ့ တသီးပုဂ္ဂလ အခွင့်အရေးတွေနဲ့ နိုင်ငံသားအခွင့်အရေးတွေကိုတော့ ဖောက်ဖျက်ခွင့်မရှိပါဘူး။ အခြေခံဥပဒေအရ ရရှိထားတဲ့ နိုင်ငံသားတွေရဲ့ တသီးပုဂ္ဂလ အခွင့်အရေးတွေ၊ နိုင်ငံသား ရပိုင်ခွင့်တွေကို ရယူခံစားနိုင်အောင် ဖန်တီးဖော်ဆောင်ပေးကြရမှာက ပြည်ထောင်စု (ဗဟို)အစိုးရရော၊ ပြည်နယ်/ဒေသတွေကို အုပ်ချုပ်ကြရတဲ့ ပြည်နယ်အစိုးရတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။

Knowledge
Exchange
Movement

## အခန်း (၄)

## ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အဓိကအင်္ဂါရပ်များ

### ၁။ အခြေခံဥပဒေ၏ လွှမ်းမိုးအခရာကြမှုရှိခြင်း

ဖက်ဒရယ်ပြည်ထောင်စုမှာ အသုံးပြုမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရေးသားထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဖက်ဒရယ် အခြေခံဥပဒေဟာ ဖက်ဒရယ် ပြည်ထောင်စုမှာ ကျင့်သုံးနေတဲ့ ဥပဒေတွေအနက် အဆင့်အမြင့်ဆုံး ဥပဒေဖြစ်ပါတယ်။

ဖက်ဒရယ် အခြေခံဥပဒေထဲမှာ ပြည်ထောင်စု(ဗဟို)အစိုးရနှင့် ပြည်ထောင်စုဝင် ပြည်နယ်/ဒေသအစိုးရတွေရဲ့ လုပ်ပိုင်ခွင့် အာဏာတွေကို ထည့်သွင်းပြီး ရှင်းလင်းအောင် ရေးသားထားကြရပါတယ်။ ဒါမှသာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်/ဒေသ အစိုးရတွေကြား အာဏာခွဲဝေ ကျင့်သုံးမှုနဲ့ ပတ်သက်တဲ့ အငြင်းပွားမှုတွေ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဖက်ဒရယ် အခြေခံဥပဒေကို အလွယ်တကူနဲ့ ပြင်ဆင်ဖို့အတွက် မဖြစ်နိုင်ပါဘူး။ ပြည်ထောင်စု (ဗဟို)အစိုးရဲ့ သဘောတစ်ခုတည်းနဲ့ ဖက်ဒရယ်အခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲမှုတွေကို မပြုလုပ်နိုင်ဘဲ ပြည်ထောင်စုဝင် ပြည်နယ်/ဒေသတွေရဲ့ လုံလောက်တဲ့ သဘောတူညီမှု ပါဝင်မှသာ ပြင်ဆင်ပြောင်းလဲမှုတွေကို ပြုလုပ်နိုင်ပါတယ်။

### ၂။ အာဏာခွဲဝေကျင့်သုံးခြင်း

ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ပြည်ထောင်စု (ဗဟို)အစိုးရနဲ့ ပြည်နယ်အစိုးရတွေ အကြားမှာ အာဏာတွေကို ခွဲဝေပြီး ကျင့်သုံးလေ့ရှိပါတယ်။ အာဏာခွဲဝေကျင့်သုံးကြရာမှာ များသောအားဖြင့် နိုင်ငံတော်တစ်ခုလုံး အတိုင်းအတာနဲ့ ပတ်သက်ဆက်နွယ်တဲ့ ကိစ္စရပ်တွေကို ပြည်ထောင်စု (ဗဟို)အစိုးရသို့ ပေးအပ်ထားလေ့ ရှိပါတယ်။ ဒေသန္တရတွေနဲ့ ပိုမိုသက်ဆိုင်တဲ့ အရေးအရာကိစ္စရပ်တွေကိုတော့ ပြည်နယ်/ဒေသ အစိုးရတွေကို ပိုမိုပေးအပ်လေ့ရှိပါတယ်။

၃။ အခြေခံဥပဒေဆိုင်ရာ ဥပဒေရေးရာ အမြင့်ဆုံးအဖွဲ့အစည်းရှိခြင်း

အခြေခံဥပဒေဟာ တိုင်းပြည်တစ်ပြည်အတွက် အရေးပါဆုံးနဲ့ အခြေခံအကျဆုံး နိုင်ငံရေးဆိုင်ရာ/ဥပဒေဆိုင်ရာ အထောက်အထား တစ်ခုပဲဖြစ်ပါတယ်။ အခြေခံဥပဒေ မကျိုးပျက်မှသာ ဖက်ဒရယ်ပြည်ထောင်စုတွေ ဆက်လက်ပြီး တည်တံ့ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပါ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်/ဒေသအစိုးရတွေအကြား အငြင်းပွားမှုတွေ ပေါ်ပေါက်လာခဲ့ရင် အဆုံးအဖြတ်ပေး ဖြေရှင်းဖို့နှင့် အခြေခံဥပဒေပါ အချက်အလက်တွေနဲ့ ပတ်သက်ပြီး အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်တဲ့ ဥပဒေရေးရာကိစ္စတွေကို ကျင့်သုံးဆောင်ရွက်နိုင်ဖို့အတွက် အခြေခံဥပဒေရေးရာ တရားစီရင်ရေး အဖွဲ့ တစ်ခု (ဂါ) အခြေခံဥပဒေဆိုင်ရာတရားရုံးတစ်ရုံး မရှိမဖြစ် လိုအပ်ပါတယ်။ ပြည်ထောင်စု(ဗဟို) အစိုးရနဲ့ ပြည်နယ်/ ဒေသအစိုးရတွေက ပြဋ္ဌာန်းလိုက်ကြတဲ့ ဥပဒေတွေဟာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မကိုက်ညီဘူး၊ မဆီလျော်ဘူးဆိုရင် အဲဒီလိုဥပဒေတွေ အတည်ပြုပြဋ္ဌာန်းတာကို အခြေခံဥပဒေဆိုင်ရာ တရားရုံးကနေ ဟန့်တားပိတ်ပင်နိုင်ပါတယ်။

၄။ ဥပဒေပြုလွှတ်တော်နှစ်ရပ်ထားရှိခြင်း

ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိလေ့ရှိပါတယ်။ အမျိုးသားလွှတ်တော် (ဂါ) အထက်လွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် (ဂါ) အောက်လွှတ်တော်တို့ပဲ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် (ဂါ) အထက်လွှတ်တော်ကို ပြည်ထောင်စုဝင် ပြည်နယ်/ဒေသ အသီးသီးကနေ  အရေအတွက် တူညီစွာ ရွေးချယ်ပြီး စေလွှတ်တဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားလေ့ရှိကြပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ကို ပြည်နယ်/ဒေသတွေကို ကိုယ်စားပြုတဲ့ လွှတ်တော်လို့ ဆိုနိုင်ပါတယ်။ ပြည်ထောင်စုဝင် ပြည်နယ်/ဒေသတွေရဲ့ တန်းတူညီမှုကို

ထင်ဟပ်ပေါ်လွင် စေဖို့အတွက် ဖြစ်ပါတယ်။ ပြည်ထောင်စုဂင် ပြည်နယ်/ဒေသတွေရဲ့ တန်းတူညီမျှရှိမှုဟာ ပြည်ထောင်စုတစ်ခု အောင်မြင်ဖို့အတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် (ဂါ) အောက်လွှတ်တော်ကိုတော့ လူဦးရေပေါ် အခြေခံတဲ့ မဲဆန္ဒနယ်မြေတွေကနေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းကြပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် (ဂါ) အောက်လွှတ်တော်ဆိုတာ ဒီမိုကရေစနစ်အရ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လွှတ်တော်ပဲ ဖြစ်ပါတယ်။

လွှတ်တော်နှစ်ရပ်ထားရှိတာရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဥပဒေတွေကို အဆောတလျှင် ပြဋ္ဌာန်းတာမျိုး မပြုနိုင်အောင်လို့ပါ။ လွှတ်တော်တစ်ရပ်နဲ့တစ်ရပ် အချင်းချင်း ထိန်းညှိနိုင်တဲ့အတွက် ဥပဒေတွေကို အလွယ်တကူ၊ အလျှင်စလို အတည်မပြုနိုင်တော့ပါဘူး။ အချိန်ယူဆွေးနွေးဝေဖန်ပြီး သင့်တော်မှသာ လွှတ်တော် နှစ်ရပ်စလုံးရဲ့ အတည်ပြုချက်ရယူကာ ပြဋ္ဌာန်းကြရပါတယ်။

Knowledge
Exchange
Movement

## အခန်း (၅)

## ဖက်ဒရယ်ပြည်ထောင်စုများ ပေါ်ပေါက်လာပုံ

ဖက်ဒရယ်ပြည်ထောင်စုတချို့ဟာ ယခင်က လွတ်လပ်ပြီးအချုပ်အခြာပိုင်ဆိုင်ခဲ့ကြတဲ့ သီးခြားနယ်မြေတွေကို ဖက်ဒရယ်ပုံစံအဖြစ် သဘောတူညီမှု ရယူပြီး ဖွဲ့စည်းကြတာကြောင့် ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ အစပိုင်းမှာတော့ စုစည်းမှုတွေဟာ လျော့ယဲခဲ့ပေမယ့် တဖြည်းဖြည်း ဆင့်ကဲပြောင်းလဲမှုတွေ ပြုလုပ်ကြပြီး ပိုမိုခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စု ပုံစံတွေအဖြစ် ရောက်ရှိလာကြတာ ဖြစ်ပါတယ်။ (ဥပမာ - အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်)

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာတော့ ကိုလိုနီလက်အောက်ခံ နိုင်ငံအများအပြားဟာ လွတ်လပ်တဲ့ နိုင်ငံသစ်တွေအဖြစ် တဖန်မွေးဖွားလာခဲ့ကြပြန်ပါတယ်။ လွတ်လပ်စ တိုင်းပြည်တချို့ဟာ အာဏာရှင်စနစ်နဲ့ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုတွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါတယ်။ လွတ်လပ်စ နိုင်ငံတွေအနက် နိုင်ငံတချို့က ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းခဲ့ကြပါတယ်။ အဆိုပါ ဖက်ဒရယ် ပြည်ထောင်စုတွေအနက် တချို့သော နိုင်ငံတွေကသာ အောင်မြင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဆက်လက်ပြီး ရပ်တည်နိုင်ခဲ့ကြပါတယ်။

နိုင်ငံတချို့ကတော့ တစ်ပြည်ထောင်စနစ်ရော၊ ဖက်ဒရယ် ပြည်ထောင်စုစနစ် နှစ်မျိုးစလုံးကို ကျင့်သုံးခဲ့ဖူးပါတယ်။ အဆိုပါနိုင်ငံတွေမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေနဲ့အတူ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့ကြပြီး တစ်ပြည်ထောင် နိုင်ငံအဖြစ်ကနေ ပီပြင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေအဖြစ် ပေါ်ပေါက်လာခဲ့ကြပါတယ်။

၁၉၉၀ ခုနှစ်နောက်ပိုင်းမှာတော့ တစ်ပါတီအာဏာရှင်စနစ် ကျင့်သုံးတဲ့ နိုင်ငံအများစုမှာ အာဏာရှင်စနစ် ဆန့်ကျင့်တဲ့ လှုပ်ရှားမှုတွေ အများအပြား ပေါ်ပေါက်ခဲ့ကြပါတယ်။ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းမှုတွေလည်း ဖြစ်ပေါ်ခဲ့ကြပါတယ်။

အဲဒီနိုင်ငံတွေအနက် နိုင်ငံတချို့ကတော့ ဗဟိုချုပ်ကိုင်မှု အားကောင်းခဲ့တဲ့ တစ်ပါတီအာဏာရှင် အစိုးရတွေကို ဖြုတ်ချပြီး ဖက်ဒရယ်ပြည်ထောင်စုတွေအဖြစ် ပေါ်ထွန်းလာခဲ့ပါတယ်။

ဒီမိုကရေစီ ကူးပြောင်းမှုတွေကို ပြုလုပ်ခြင်းအားဖြင့် ဖက်ဒရယ်နိုင်ငံတွေအဖြစ် ပိုမိုပီပြင်လာတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ (ဥပမာ- အာဂျင်တီးနား၊ ဘရာဇီး၊ မက္ကဆီကို)

တချို့နိုင်ငံတွေကတော့ တပြည်ထောင်စနစ် ကျင့်သုံးမှုတွေကနေ ဖက်ဒရယ်နိုင်ငံအဖြစ် ပြောင်းလဲပြီး ကျင့်သုံးလာကြတာဖြစ်ပါတယ်။ (ဥပမာ- ဘယ်ဂျီယံ၊ စပိန်နှင့် အီသီယိုးပီးယား)

ပဋိပက္ခတွေ ဖြစ်ပွားပြီးနောက် ဖက်ဒရယ်စနစ် ကျင့်သုံးတဲ့ တိုင်းပြည်တွေအဖြစ် တဖန် ပေါ်ထွန်းလာခဲ့ကြတဲ့ တိုင်းပြည်တွေလည်းရှိပါတယ်။ (ဥပမာ - ဘော့စနီးယား၊ အီရတ်၊ တောင် အာဖရိက)

ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီ ဖြစ်ထွန်းလာမှုတွေနဲ့အတူ ဖက်ဒရယ် ပြည်ထောင်စုဝါဒဟာ ကမ္ဘာနဲ့တဝှမ်း ပြန့်နှံ့လာခဲ့ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဒီမိုကရေစီစနစ် ရင့်သန်နေပြီဖြစ်တဲ့ တိုင်းပြည်တွေမှာ သာမကဘဲ ဒီမိုကရေစီဖြစ်ထွန်းစ တိုင်းပြည်တွေမှာပါ ကျင့်သုံးကြနေပြီဖြစ်ပါတယ်။

Knowledge
Exchange
Movement

## အခန်း (၆)

## ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အာဏာခွဲဝေပုံ

ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ကျင့်သုံးတဲ့ အာဏာခွဲဝေ အသုံးပြုမှုပုံစံတွေဟာ တစ်ပြည်ထောင်စနစ်မှာ ကျင့်သုံးတဲ့ အာဏာခွဲဝေကြတဲ့ပုံစံနဲ့ မတူညီတဲ့အပိုင်းတွေ ရှိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတွေမှာ အာဏာကို အောက်ပါအတိုင်း ခွဲဝေပြီး ကျင့်သုံးကြလေ့ရှိပါတယ်။

က။ သီးသန့်အာဏာ (Reserved Power)

၁။ ပြည်ထောင်စုအစိုးရကသာ ကျင့်သုံးခွင့်ရှိတဲ့အာဏာ

၂။ ပြည်နယ်အစိုးရတွေကသာ ကျင့်သုံးခွင့်ရှိတဲ့အာဏာ

ခ။ တစ်ပြိုင်နက်တည်း သုံးစွဲခွင့်အာဏာ (Concurrent Power)

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတွေက တစ်ပြိုင်နက် (သို့) ပူးတွဲပြီး ကျင့်သုံးနိုင်တဲ့ အာဏာကို တစ်ပြိုင်နက်တည်း သုံးစွဲခွင့်အာဏာ ဆိုပြီး သတ်မှတ်ကြပါတယ်။

ဂ။ ကြွင်းကျန်အာဏာ (Residual Power)

ပြည်နယ်တွေက ပြည်ထောင်စုကို လွှဲအပ်ထားတဲ့ ပြည်ထောင်စုအာဏာများ၊ ပြည်နယ်နှင့် ပြည်ထောင်စု ပူးတွဲကျင့်သုံးရမည့် အာဏာများမှာ မပါဝင်တဲ့ အာဏာတွေကို ကြွင်းကျန်အာဏာတွေအဖြစ် သတ်မှတ်နိုင်ပါတယ်။ ကြွင်းကျန်အာဏာတွေကို အခြေခံဥပဒေမှာ ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ အဆိုပါ ကြွင်းကျန်အာဏာတွေကို ပြည်ထောင်စု (သို့) ပြည်နယ်တွေထံ အပ်နှင်းထားနိုင်ပါတယ်။

များသောအားဖြင့် တစ်ပြည်ထောင်စနစ်ကျင့်သုံးတဲ့ တိုင်းပြည်ကနေ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြောင်းလဲဖွဲ့စည်းကြတဲ့ တိုင်းပြည်တွေမှာ ကြွင်းကျန်အာဏာတွေကို ပြည်ထောင်စုဆီ ပေးအပ်ထားလေ့ရှိပါတယ်။

တသီးတခြားစီ ဖြစ်နေတဲ့ နယ်မြေဒေသတွေ အတူတကွ ပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေမှာတော့ ကြွင်းကျန်အာဏာကို ပေါင်းစည်းလာကြတဲ့ ပြည်နယ်ဒေသတွေကပဲ ရယူထားကြပါတယ်။

ခွဲဝေထားတဲ့ အာဏာတွေကို သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာ အတိအကျ ရေးဆွဲပြီး ပြဋ္ဌာန်းသတ်မှတ်ထားကြရပါမယ်။ ပြည်နယ်တွေကသာ ကျင့်သုံးကြရမယ့် အခွင့်အာဏာတွေကို သက်ဆိုင်ရာ ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ထည့်သွင်းပြီး ပြဋ္ဌာန်းထားဖို့ လိုအပ်ပါတယ်။ ပြည်နယ်တွေကသာ ကျင့်သုံးခွင့်ရတဲ့ အခွင့်အာဏာတွေကို ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာသာမကပဲ ပြည်ထောင်စုအခြေခံဥပဒေမှာပါ ထည့်သွင်းပြဋ္ဌာန်းထားမယ်ဆိုရင် ပြည်နယ်တွေက ပြည်နယ်အခြေခံဥပဒေကို လွတ်လပ်စွာ ပြင်ဆင်ပိုင်ခွင့်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ ခွင့်ပြုချက်ရမှသာ ပြင်ဆင်နိုင်မှာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတွေ ပူးတွဲကျင့်သုံးကြရမယ့် အခွင့်အာဏာတွေကိုလည်း ပြည်ထောင်စုအခြေခံဥပဒေထဲမှာ သာမကဘဲ ပြည်နယ်တွေရဲ့ အခြေခံဥပဒေတွေမှာလည်း ထည့်သွင်းထားသင့်ပါတယ်။

တချို့ ဖက်ဒရယ်ပြည်ထောင်စုတွေဟာ စတင်တည်ထောင်ကာစ ကာလမှာ ပြည်နယ်တွေက အာဏာ ပိုမိုပိုင်ဆိုင်ကြပေမယ့် ကာလကြာရှည်လာသည်အမျှ ဗဟိုအစိုးရရဲ့ အာဏာ ပိုမိုပြီး အားကောင်းလာလေ့ရှိကြပါတယ်။

တချို့ ဖက်ဒရယ်ပြည်ထောင်စုများတွေမှာတော့ ဗဟိုအစိုးရရဲ့ အာဏာဟာ အချိန်ကြာလာတဲ့အမျှ တဖြည်းဖြည်းနဲ့ လျော့ပါးလာပြီး ပြည်နယ်တွေ ပိုင်ဆိုင်တဲ့ အာဏာဟာ ပိုမိုပြီး အားကောင်းလာတတ်ကြပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေမှာ ပြည်နယ်တွေက လုပ်ပိုင်ခွင့်အာဏာကို ညီတူမျှတူ ပိုင်ဆိုင်ထားကြရင် အဲဒီလိုဖက်ဒရယ်စနစ်ကိုတော့ အချိုးညီ ဖယ်ဒရယ်စနစ် (Symmetric Federalism) ဆိုပြီး ခေါ်ဆိုသတ်မှတ်ပါတယ်။

ဒါပေမယ့် တချို့ဖက်ဒရယ်ပြည်ထောင်စုတွေမှာ အချို့သော ပြည်နယ်တွေက ကျန်ပြည်နယ်တွေထက် အာဏာ ပိုမိုရရှိထားလေ့ ရှိပါတယ်။ အဲဒီလို ပြည်နယ်တွေရဲ့အကြား အာဏာပိုင်ဆိုင်မှု မတူညီကြတဲ့ ဖက်ဒရယ်စနစ်ကိုတော့ အချိုးမညီ ဖက်ဒရယ်စနစ် (Asymmetric Federalism) ဆိုပြီး သတ်မှတ်ကြပါတယ်။ ပြည်နယ်တချို့ရဲ့ ကွဲပြားခြားနားတဲ့ အခြေအနေတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး အပါအဝင် လိုအပ်ချက်တွေကြောင့် ဗဟိုအစိုးရနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်ကြတာကနေ ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။

အချို့သော ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ဗဟိုအစိုးရဟာ ပြည်နယ်အစိုးရတွေထက် ပိုမိုများပြားတဲ့ အာဏာတွေကို ပိုင်ဆိုင်ရယူထားလေ့ရှိကြပါတယ်။ တချို့ဖက်ဒရယ်ပြည်ထောင်စုတွေမှာတော့ ပြည်နယ်အစိုးရတွေရဲ့ လုပ်ပိုင်ခွင့်အာဏာတွေဟာ ဗဟိုအစိုးရထက် ပိုမိုနေလေ့ရှိတတ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် စတင်ဖွဲ့စည်းကာစက ပြည်နယ်တွေရဲ့အနေအထားနဲ့ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်တွေပေါ်မှာ မူတည်ပြီး အဲဒီလိုကွဲပြားတဲ့ ဖက်ဒရယ်ပြည်ထောင်စုပုံစံတွေ ပေါ်ပေါက်ခဲ့ကြတာ ဖြစ်ပါတယ်။

မတူညီကြတဲ့ သမိုင်းနောက်ခံ၊ နိုင်ငံရေးဖြစ်ပေါ်မှုနဲ့ မျှော်မှန်းချက်တွေကြောင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံတွေဟာ တိုင်းပြည်တစ်ပြည်နဲ့ တစ်ပြည်မှာ ကွဲပြားခြားနားနိုင်ပါတယ်။

## အခန်း (၇)

## ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ပုံ

- ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို ဖွဲ့စည်းတည်ဆောက်တဲ့နေရာမှာ အရေးပါဆုံးအရာကတော့ ပါဝင်ကြတဲ့ ပြည်ထောင်စုဝင် ပြည်နယ်/ဒေသတွေရဲ့ ဆန္ဒအလျှောက် လွတ်လပ်စွာ ပါဝင်ပူးပေါင်းကြခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းကြတဲ့နေရာမှာလည်း ညှိနှိုင်းဆောင်ရွက်မှုတွေ အများအပြား ပြုလုပ်ကြပြီးမှသာ သဘောတူညီမှုတွေကို ရရှိခဲ့ကြတာပါ။

သဘောတူညီမှု ရယူပြီးနောက်မှာတော့ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုပုံသဏ္ဍာန်မျိုးနဲ့ ဖွဲ့စည်းကြမယ်၊ အာဏာတွေကို ဘယ်လို ခွဲဝေကျင့်သုံးကြမယ်စတဲ့ အချက်တွေကို စဉ်းစားဆုံးဖြတ်ကြရပါတယ်။ သဘောတူညီပြီးတဲ့ အချက်အလက်တွေကို ပြည်ထောင်စုအခြေခံဥပဒေထဲမှာ ထည့်သွင်းရေးဆွဲပြီး ပြဋ္ဌာန်းအတည်ပြုကြပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ ပြည်ထောင်စုအခြေခံဥပဒေနဲ့ ပြည်နယ်/ဒေသတွေမှာကျင့်သုံးကြမယ့် သက်ဆိုင်ရာ ပြည်နယ်/ဒေသတွေရဲ့ ပြည်နယ်အခြေခံဥပဒေဆိုပြီး အခြေခံ ဥပဒေ နှစ်မျိုးနှစ်စားထားပြီး ကျင့်သုံးကြလေ့ရှိပါတယ်။ ပြည်နယ်တွေရဲ့ အခြေခံဥပဒေတွေကို ပြည်ထောင်စုအခြေခံဥပဒေနဲ့ မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းကြပါတယ်။ ဒါပေမယ့် ပြည်ထောင်စုအခြေခံဥပဒေ တစ်ရပ်ပဲ ထားရှိသုံးစွဲတဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေလည်း ရှိပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတွေမှာ ကျင့်သုံးကြတဲ့ အခြေခံဥပဒေတွေဟာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အသေးစိတ်ရေးသားမှုနဲ့ ချဉ်းကပ်ပုံခြင်းလည်း ကွဲပြားကြပါတယ်။

- ဥပဒေပြုအာဏာ ခွဲဝေကျင့်သုံးပုံ

ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေမှာ ပြည်ထောင်စုနဲ့ ပြည်နယ်တွေ ပြဋ္ဌာန်းကျင့်သုံးခွင့်ရှိတဲ့ ဥပဒေပြုအာဏာတွေကို ဖော်ပြထားပါတယ်။ ဥပဒေပြုစာရင်း (List) တွေကို

၁။ ပြည်ထောင်စု ဥပဒေပြုစာရင်း (Union List)

၂။ ပြည်နယ် ဥပဒေပြုစာရင်း (State List)

၃။ ထပ်တူပြု ဥပဒေစာရင်း (Concurrent List) ဆိုပြီး ခွဲခြားထားလေ့ရှိပါတယ်။

၁။ ပြည်ထောင်စု ဥပဒေပြုစာရင်း (Union List)

ပြည်ထောင်စုအဆင့်ကသာ ပြဋ္ဌာန်းကျင့်သုံးခွင့်ရှိတဲ့ ဥပဒေစာရင်းကို ပြည်ထောင်စု ဥပဒေပြုစာရင်း (Union List) ဆိုပြီး သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ တိုင်းပြည်ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်း စတဲ့ တိုင်းပြည်လုံးအတိုင်းအတာနဲ့ အရေးပါတဲ့ အကြောင်းအရာတွေ ပါဝင်လေ့ရှိပါတယ်။

၂။ ပြည်နယ် ဥပဒေပြုစာရင်း (State List)

ပြည်နယ်တွေကသာ ပြဋ္ဌာန်းကျင့်သုံးကြရတဲ့ ဥပဒေစာရင်းကို ပြည်နယ် ဥပဒေပြုစာရင်း (State List) ဆိုပြီး ခေါ်ဝေါ်သတ်မှတ်ကြပါတယ်။ ရဲ၊ ကူးသန်းရောင်းဝယ်ရေး၊ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းစတဲ့ ပြည်နယ် /ဒေသန္တရအဆင့်နဲ့ ပိုမိုဆက်နွယ်တဲ့ အရေးအရာတွေကတော့ သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုစာရင်းတွေမှာ ပါဝင်ကြလေ့ရှိပါတယ်။

၃။ ထပ်တူပြု ဥပဒေစာရင်း (Concurrent List)

ပြည်ထောင်စုရော၊ ပြည်နယ်တွေနဲ့ပါ သက်ဆိုင်ပတ်သက်တဲ့ အရေးအရာတွေကိုတော့ ထပ်တူပြုဥပဒေစာရင်း (Concurrent List) ထဲမှာ ထည့်သွင်းပြီး သတ်မှတ်ထားကြပါတယ်။ ပညာရေး၊ သစ်တော၊ အဝေးပြေးလမ်းမများ စတဲ့ အရေးအရာတွေ ပါဝင်လေ့ရှိပါတယ်။ ပြည်

ထောင်စုရော ပြည်နယ်တွေကပါ ထပ်တူပြုဥပဒေပြုစာရင်းပါ အရေးအရာတွေနဲ့ ဆက်နွယ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းကျင့်သုံးနိုင်ကြပါတယ်။ ဒါပေမယ့်လည်း ပြည်ထောင်စုနဲ့ ပြည်နယ်တွေက ပြုလုပ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ခုနဲ့တစ်ခု ကွဲလွဲမှု၊ ဆန့်ကျင်မှုတွေ ပေါ်ပေါက်လာခဲ့ရင်တော့ ပြည်ထောင်စုအဆင့်က ပြဋ္ဌာန်းထားတဲ့ ဥပဒေကသာ အတည်ဖြစ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စု တစ်ခုနဲ့တစ်ခု ဥပဒေပြုစာရင်း သတ်မှတ်ကျင့်သုံးကြပုံတွေ မတူညီပဲ ကွဲပြားကြပါတယ်။

အချို့ဖက်ဒရယ်ပြည်ထောင်စုတွေ (ဥပမာ- အာဂျင်တီးနား၊ ဩစတေးလျ၊ အမေရိကန်နဲ့ ပါကစ္စတန်)မှာတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေက ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ အတိုင်းအတာကို ဖော်ပြထားတဲ့ ဥပဒေပြုစာရင်း တစ်ခုတည်းသာ ရှိပါတယ်။ ပြည်ထောင်စုအဆင့် အာဏာပိုင်တွေကို အပ်နှင်းထားတဲ့ ဥပဒေပြုစာရင်းထဲမှာ မပါရှိတဲ့ အာဏာတွေကိုတော့ ပြည်ထောင်စုဝင် အစိတ်အပိုင်းတွေဖြစ်တဲ့ ပြည်နယ်/ဒေသတွေကို ပေးအပ်ထားတဲ့ သဘောဘဲ ဖြစ်ပါတယ်။

- အချို့ဖက်ဒရယ်ပြည်ထောင်စုတွေမှာတော့ ဥပဒေပြုစာရင်းနှစ်ခုပဲ ရှိပါတယ်။
  ကနေဒါ (ပြည်ထောင်စုနှင့် စီရင်စုနယ်မြေ ဥပဒေပြုစာရင်း)၊
  တောင်အာဖရိက (စီရင်စုနယ်မြေ ဥပဒေပြုစာရင်းနှင့် ထပ်တူပြု ဥပဒေစာရင်း)
- အချို့ဖက်ဒရယ်တိုင်းပြည်တွေမှာတော့ ဥပဒေပြုစာရင်း သုံးခုထားရှိပြီး သုံးစွဲကြပါတယ်။

- အုပ်ချုပ်ရေးအာဏာ ခွဲဝေကျင့်သုံးပုံ

ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ များသောအားဖြင့် အနည်းဆုံး အစိုးရအဆင့် (၂)ဆင့် ရှိပါတယ်။ ပြည်ထောင်စု(ဗဟို)အစိုးရနဲ့ ပြည်နယ်အစိုးရတွေပဲ ဖြစ်ပါတယ်။ အစိုးရအဆင့် အသီးသီးရဲ့ လုပ်ပိုင်ခွင့် အာဏာတွေဟာလည်း အခြေခံဥပဒေမှာပါတဲ့ ဥပဒေပြုအာဏာခွဲဝေမှု အတိုင်းအတာနဲ့ ထပ်တူညီလေ့ရှိပါတယ်။ အစိုးရအဆင့်ဆင့်တွေဟာ မိမိတို့နဲ့ သက်ဆိုင်တဲ့ ဥပဒေပြုအဖွဲ့အစည်း(လွှတ်တော်)တွေက ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့အညီ သက်ဆိုင်တဲ့ အရေးအရာကိစ္စတွေကိုသာ စီမံခန့်ခွဲကြရပါတယ်။ အချို့ကိစ္စရပ်တွေကိုတော့ အစိုးရအဆင့်(၂)ဆင့် ပူးပေါင်းပြီး စီမံဆောင်ရွက်ကြရပါတယ်။

အချို့သော နိုင်ငံတွေမှာတော့ (ဥပမာ- ဂျာမန်ပြည်ထောင်စု) ဖက်ဒရယ်အုပ်ချုပ်ရေးရဲ့ အခွင့်အာဏာဟာ ဖက်ဒရယ်ဥပဒေပြုအာဏာလောက် မကျယ်ပြန့်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ပြည်နယ်အစိုးရတွေဟာ ဖက်ဒရယ်ပြည်ထောင်စုဥပဒေရဲ့ အရေးအရာကိစ္စအချို့ကိုပါ အသက်ဝင်လာအောင် ဆောင်ရွက်ကြရလို့ပဲ ဖြစ်ပါတယ်။

တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့ တိုင်းပြည်တွေမှာလည်း ပြည်နယ်အစိုးရတွေကို လုပ်ပိုင်ခွင့်အာဏာတချို့ကို ပေးအပ်ထားလေ့ရှိပါတယ်။ ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့တဲ့အနေနဲ့သာ ပြုလုပ်တာမျိုးဖြစ်ပါတယ်။ အာဏာခွဲဝေမှု အစစ်အမှန် မဟုတ်ပါဘူး။ ပြည်နယ်တွေကို ခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့် အာဏာတွေကို ဗဟိုအစိုးရက အချိန်မရွေး ပြန်လည်ပြီး ရုပ်သိမ်းနိုင်ပါဘူး။ ဒါကြောင့် ပြည်နယ်အစိုးရတွေဟာ ပြည်ထောင်စု(ဗဟို)အစိုးရရဲ့ လက်ဝေခံ၊ လက်အောက်ခံအဖြစ်သာ ဖြစ်ပါတယ်။

ပြည်နယ်တွေမှာ ပြည်နယ်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အစိုးရအဖွဲ့၊ ဥပဒေပြု လွှတ်တော်၊ တရားစီရင်ရေးတွေနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းတွေကို ဖွဲ့စည်းတည်ထောင်ထားကြပါတယ်။ အဆိုပါ အဖွဲ့အစည်းတွေဟာ ဖက်ဒရယ်ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းထားတဲ့ အလားတူ အဖွဲ့အစည်းတွေနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ဒါပေမယ့် အဲ့ဒီလို

ဆောင်ရွက်တဲ့ နေရာမှာ အမြဲတမ်း အဆင်ပြေချောမွေ့နေတာမျိုးတော့ မဟုတ်ပါဘူး။ အငြင်းပွားမှုတွေနဲ့ ပဋိပက္ခသဘော ဆောင်တာတွေလည်း ဖြစ်ပေါ်လေ့ရှိပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတချို့၏ အာဏာခွဲဝေသုံးစွဲပုံ

| ကဏ္ဍရပ်များ | ဩစတေးလျ | ကနေဒါ | တောင်အာဖရိက |
|---|---|---|---|
| နိုင်ငံခြားရေး | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |
| ကာကွယ်ရေး | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |
| ရဲ | ပူးတွဲ | ပူးတွဲ | ဗဟို |
| အခြေခံပညာ | ပြည်နယ် | ပြည်နယ် | ပူးတွဲ |
| အဆင့်မြင့်ပညာ | ပူးတွဲ | ပြည်နယ် | ဗဟို |
| ဆေးရုံ | ပြည်နယ် | ပူးတွဲ | ပူးတွဲ |
| အခြေခံကျန်းမာရေး | ပူးတွဲ | ပြည်နယ် | ပူးတွဲ |
| အဝေးပြေးလမ်းများ | ပူးတွဲ | ပူးတွဲ | ပူးတွဲ |
| မြို့တွင်းလမ်းများ | ပြည်နယ် | ပြည်နယ် | ပြည်နယ် |
| ဆိပ်ကမ်းများ | ပြည်နယ် | ဖက်ဒရယ် | ဗဟို |
| စားသုံးသူကာကွယ်ရေး | ပူးတွဲ | ပူးတွဲ | ဗဟို |
| စိုက်ပျိုးရေး/သစ်တော/ငါးဖမ်း | ပူးတွဲ | ပူးတွဲ | ဗဟို |
| ကုန်သွယ်ရေး/စက်မှုလုပ်ငန်း | ပူးတွဲ | ပူးတွဲ | ဗဟို |
| ခရီးသွားလုပ်ငန်း | ပူးတွဲ | ပူးတွဲ | ပူးတွဲ |

## အခန်း (၈)

## ဖက်ဒရယ်ပြည်ထောင်စုဝင် နယ်မြေများအဖြစ် ပိုင်းခြားသတ်မှတ်ခြင်း

တိုင်းပြည်တစ်ပြည်ရဲ့ နယ်မြေတွေကို အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိတဲ့ ပိုင်းခြားနယ်မြေတွေအဖြစ် သတ်မှတ်တာဟာ ဖက်ဒရယ်စနစ်ရဲ့ အဓိကလက္ခဏာရပ် တစ်ခုဖြစ်ပါတယ်။

တစ်ပြည်ထောင်စုစနစ် ကျင့်သုံးခဲ့တဲ့ နိုင်ငံအဖြစ်ကနေ ဖက်ဒရယ်ပြည်ထောင်စုဖြစ် အခြေခံဥပဒေနည်းလမ်းအရ ကူးပြောင်းကြတဲ့ နိုင်ငံတွေမှာ ဖက်ဒရယ်ပြည်ထောင်စုဝင်အဖြစ် ပါဝင်ကြမယ့် ပိုင်းခြားနယ်မြေ/ဒေသ (ပြည်နယ်)တွေနဲ့ ၄င်းနယ်မြေတွေရဲ့ နယ်နမိတ်တွေကို အစိတ်အပိုင်းပြု ပိုင်းခြားသတ်မှတ်ကြရတဲ့ လုပ်ငန်းစဉ်ဟာ အလွန်အင်မတန် ခက်ခဲလေ့ရှိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်မှုကိုတောင် အဟန့်အတားပြုလာနိုင်ပြန်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတစ်ခုဖြစ် အပြည့်အဝ လုပ်ဆောင်နေဖို့ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုမှာ ပါဝင်ကြမယ့် နယ်မြေ/ဒေသတွေ (အရေအတွက်နဲ့ နယ်နိမိတ်)ကို သတ်မှတ်ထားပြီးဖို့ လိုအပ်ပါတယ်။

ပိုင်းခြားနယ်မြေတွေအဖြစ် သတ်မှတ်တဲ့ နေရာမှာ မတူညီကွဲပြားမှုတွေကိုလည်း ချိန်ညှိကြဖို့ လိုအပ်ပါတယ်။ တခါတရံမှာ ပဋိပက္ခသဘော၊ အငြင်းပွားဖွယ်ဖြစ်ရပ်တွေတောင် ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ပါဝင်ပတ်သက်တဲ့ နိုင်ငံရေးအင်အားစုတွေနဲ့ ဒေသအတွင်း နေထိုင်ကြတဲ့ ပြည်သူတွေ သဘောတူ လက်ခံလာအောင် မဖြစ်မနေ ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဲ့ဒီလို နယ်နမိတ်သတ်မှတ်ကြတဲ့ နေရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေကတော့

- စီးပွားရေးအခြေခံ

- ပထဝီဂုဏ်အသွင်အပြင်
- လူမှု-ယဉ်ကျေးမှု
- နိုင်ငံရေး
- အများပြည်သူတွေရဲ့ ဆန္ဒသဘောထား
- သမိုင်းကြောင်းအရ နယ်နမိတ်သတ်မှတ်ပုံ စတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

၁။ စီးပွားရေးအခြေခံ

ပြည်ထောင်စုဂုဏ်အဖြစ် သတ်မှတ်ဖို့အတွက်ဆိုရင် နယ်မြေ/ဒေသတွေရဲ့ ထိရောက်နိုင်နင်းစွာ စီမံခန့်ခွဲမှုပေါ်မှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ အဲဒီလို စဉ်းစားကြတဲ့ နေရာမှာ ပြည်ထောင်စုဂုဏ် နယ်မြေ/ ဒေသတွေရဲ့ တာဝန်ယူ စီမံခန့်ခွဲနိုင်မှု၊ ဒေသနေ လူဦးရေ အရေအတွက်နဲ့ ဖွံ့ဖြိုးမှုအတိုင်းအတာ၊ အခွန်ကောက်ခံရရှိနိုင်တဲ့ စီးပွားရေး အခြေခံစတဲ့ အလားအလာတွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တချို့သော ကိစ္စရပ်တွေမှာတော့ စီးပွားရေးအခြေခံအရ စဉ်းစားမှုကို အလွန်အမင်း ရှေ့တန်းမတင်သင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးအခြေခံ အားနည်းပေမယ့်လည်း အခွန်အကောက်တွေကို ဗဟိုအစိုးရနဲ့ မျှဝေသုံးစွဲနိုင်ပြီး ဗဟိုအစိုးရဆီကနေလည်း အကူအညီ အထောက်အပံ့တွေ ရနိုင်လို့ပဲ ဖြစ်ပါတယ်။

၂။ ပထဝီအသွင်အပြင်

သဘာဝအရ နယ်နမိတ်တွေအဖြစ် တည်ရှိနေတဲ့ မြစ်ချောင်းတွေနဲ့ တောင်တန်းတွေစတဲ့ ပထဝီအခြေအနေတွေကိုလည်း ထည့်သွင်းပြီး စဉ်းစားရမှာ ဖြစ်ပါတယ်။ အဲဒီ မြစ်ချောင်း၊ တောင်တန်းတွေဟာ သဘာဝအားဖြင့် နယ်မြေဒေသတွေရဲ့ နယ်နိမိတ်ဖြစ်နေတတ်လို့ပဲ ဖြစ်ပါတယ်။

၃။ လူမှု-ယဉ်ကျေးမှု ဆိုင်ရာ ထည့်သွင်းစဉ်းစားမှု

လူမှု-ယဉ်ကျေးမှုဆိုင်ရာ စဉ်းစားမှုတွေဟာ နိုင်ငံရေးအရ အရေးပါဆုံးနဲ့ အသိမ်မွေ့ဆုံး အချက်တွေ ဖြစ်နေပါတယ်။ လူမျိုးဖြစ်မှု၊ ဘာသာစကားနဲ့ ကိုးကွယ်ယုံကြည်ရာ ဘာသာရေး တွေအပေါ် အခြေခံပြီး ပြည်ထောင်စုဝင် အစိတ်အပိုင်းအဖြစ် သတ်မှတ်ကြတာဟာ အခက်အခဲ ဆုံးပဲ ဖြစ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုကို နယ်မြေဒေသအပေါ် အခြေခံတာထက် လူမျိုးစုအပေါ် အ ခြေခံပြီး တည်ဆောက်ကြမယ်ဆိုရင် ပိုမိုခက်ခဲတတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူမျိုး စုတစ်စုရဲ့ ပြန့်နှံ့နေထိုင်မှုအပေါ် မူတည်ပြီး ပြည်ထောင်ဝင် နယ်မြေတစ်ခုရဲ့ နယ်နမိတ်ကို ရေး ဆွဲခဲ့မယ်ဆိုရင် (ဒါမှမဟုတ်) မတူညီတဲ့ လူမျိုးစုတွေ ရောယှက်နေထိုင်ကြတဲ့ နယ်မြေကို လူဦး ရေ အရေအတွက်များတဲ့ လူမျိုးစုတစ်စုရဲ့ ပြည်နယ်အဖြစ် သတ်မှတ်ခဲ့မယ်ဆိုရင် ဒေသမှာ အ တူနေထိုင်နေတဲ့ အခြား လူနည်းစုတွေမှာ ဖယ်ထုတ်ခံရတယ်ဆိုတဲ့ ပြင်းထန်တဲ့ စိတ်ခံစားမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။

၄။ နိုင်ငံရေး

ပြည်ထောင်စုကို ဖွဲ့စည်းတည်ဆောက်နိုင်ဖို့အတွက် ပြည်နယ်အရေအတွက်နဲ့ ၎င်းတို့ရဲ့ အရွယ်အစားကို သတ်မှတ်ကြရမှာ နိုင်ငံရေးအရလည်း ထည့်သွင်းစဉ်းစားကြရပါတယ်။ ပြည် နယ်တချို့က အရွယ်အစား အလွန်အမင်း ကြီးမားနေပြီး ပြည်နယ်တချို့က အရွယ်အစား အ လွန်အမင်း သေးငယ်နေတာမျိုး မဖြစ်သင့်ပါဘူး။ အရွယ်အစား ကြီးမားတဲ့ ပြည်နယ်က သေး ငယ်တဲ့ ပြည်နယ်တွေကို မလွှမ်းမိုးစေဖို့အတွက် ဖြစ်ပါတယ်။နောက်ပြီး ပြည်နယ်တွေကိုလည်း ကွဲပြားတဲ့ လူမျိုးတွေ ပါဝင်နေထိုင်ကြတဲ့ ပြည်နယ်တွေအဖြစ် ဖွဲ့စည်းသင့်ပါတယ်။

၅။ အများပြည်သူတွေရဲ့ ဆန္ဒသဘောထား

အများပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကို လက်ခံပြီး ထည့်သွင်းစဉ်းစားမှုတွေဟာ နိုင်ငံရေးအခြေအနေပေါ် မူတည်ပြီး ကွဲပြားလေ့ရှိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ထောင်ဖို့အတွက် အလွန်အမင်း စိတ်အားထက်သန်နေကြရင်တော့ ကျယ်ပြန့်တဲ့ အများပြည်သူရဲ့ ထောက်ခံကူညီမှုကို လိုအပ်ပါတယ်။ ရွေးကောက်ပွဲတွေ၊ ပြည်လူထုတွေနဲ့ ဆွေးနွေးပြီး အကြံပြုမှု တောင်းခံတာတွေ၊ ဆန္ဒခံယူပွဲတွေ ပြုလုပ်တာတွေကနေတဆင့် အများပြည်သူ တွေရဲ့ ဆန္ဒသဘောထားတွေကို သိရှိနိုင်ပါတယ်။

၆။ သမိုင်းကြောင်းအရ နယ်နမိတ်သတ်မှတ်ပုံ

အသစ်ရေးဆွဲမယ့် နိုင်ငံရေးမြေပုံကို ယခင် နိုင်ငံရေး၊ အုပ်ချုပ်ရေးနဲ့ သမိုင်းကြောင်းအရ ဖြစ်တည်ခဲ့တဲ့ မြေပုံတွေပေါ်မှာ အခြေခံကြလေ့ရှိပါတယ်။ နယ်မြေတွေရဲ့ ယခင်နယ်နမိတ်တွေဟာ အသုံးဝင်တဲ့ အကိုးအကားပြုရာတွေပဲ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အတွက် အငြင်းပွားမှုတွေ ဖြစ်နိုင်တဲ့ အခြားအချက်အလက်တွေအပေါ် အသေးစိတ်စဉ်းစားဖို့ လိုအပ်တာကို ရှောင်ရှားနိုင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ကြာရှည်စွာရပ်တည်ခဲ့တဲ့ တိုင်းပြည်တွေမှာလည်း ပြည်ထောင်စုဝင် နယ်မြေအပိုင်းအခြား အသစ်အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုကြတာတွေနဲ့ နယ်နိမိတ် ပြန်လည်သတ်မှတ်ဖို့အတွက် တောင်းဆိုကြတာတွေ တွေ့ကြုံကြရနိုင်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုဝင် နယ်မြေ/ဒေသ အသစ်အဖြစ် ထပ်တိုးပိုင်းခြား သတ်မှတ်မှုတွေဟာ နိုင်ငံရေးအရ အငြင်းပွားမှုတွေကို ဖြစ်ပေါ်နိုင်ပါတယ်။ ပြောင်းလဲနေတဲ့ အခြေအနေတွေအရ ပြည်နယ်အသစ်တွေ ဖွဲ့စည်းဖို့ လိုအပ်လာရင် ထပ်တိုးသတ်မှတ်နိုင်ဖို့အတွက် ဖက်ဒရယ်ပြည်ထောင်စုတချို့ရဲ့ အခြေခံဥပဒေမှာ ပြည်နယ်အသစ်များ ဖွဲ့စည်းနိုင်ဖို့နဲ့ နယ်နိမိတ် ပြန်လည်

ပြင်ဆင်သတ်မှတ်နိုင်ဖို့ ပြဋ္ဌာန်းချက်တွေကို ထည့်သွင်းပြီး တိတိကျကျ ရေးဆွဲထားလေ့ ရှိကြပါတယ်။

ပြည်နယ်အသစ်အဖြစ် ထပ်တိုးပိုင်းခြား သတ်မှတ်မှု အပါအဝင် ပြည်နယ်နယ်နမိတ် ပြန်လည် သတ်မှတ်ကြတဲ့နေရာမှာ သက်ဆိုင်ရာပြည်နယ်ရဲ့ သဘောတူညီမှုအပြင် ဒေသနေ ပြည်သူတွေရဲ့သဘောထားတွေကိုလည်း ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်သတ်မှတ်မှုတွေ ပြုလုပ်ကြတဲ့နေရာမှာ ဒေသနေ အခြားလူနည်းစုတွေရဲ့ အခွင့်အရေးတွေကို မထိခိုက်စေဖို့ကိုလည်း အလေးအနက်ထားပြီး လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။

အတူတကွ ပေါင်းစည်းတဲ့ ပုံသဏ္ဌာန်နဲ့ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖြစ်တည်ကြလာတဲ့ အမေရိကန်ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံ၊ ကနေဒါနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတွေမှာတော့ ပေါင်းစည်းမှု မပြုမှီက တသီးတခြားစီ ဖြစ်တည်နေတဲ့ နယ်မြေအစိတ်အပိုင်းတွေကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းပြီးတဲ့အခါမှာလည်း မူလအတိုင်းပဲ သတ်မှတ်ထားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မျက်မှောက်ကာလမှာ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ကူးပြောင်းကြတဲ့ နိုင်ငံတွေမှာတော့ ဖက်ဒရယ်နိုင်ငံရေးမြေပုံတစ်ခုကို ရေးဆွဲသတ်မှတ်ကြဖို့ လိုအပ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ နယ်မြေတွေကို အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိတဲ့ နယ်မြေတွေအဖြစ် ပိုင်းခြားသတ်မှတ်ကြတာကို နိုင်ငံရေးမြေပုံ ရေးဆွဲခြင်းလို့ ခေါ်ဝေါ်ကြပါတယ်။

နိုင်ငံတချို့ကတော့ ဖက်ဒရယ်စနစ်သို့ ကူးပြောင်းနေတဲ့ အချိန်နဲ့တပြိုင်တည်းမှာပဲ ဖက်ဒရယ် နိုင်ငံရေးမြေပုံကို ရေးဆွဲခဲ့ကြပါတယ်။ ယခင်ကတည်းက တည်ရှိနေတဲ့ နယ်မြေတွေကို ပေါင်းစပ်မှု (ဒါမှမဟုတ်) ခွဲခြမ်းမှုတွေ ပြုလုပ်ပြီး ပြည်ထောင်စုဝင် နယ်မြေတွေအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ကြရတာကြောင့် ပြည်ထောင်စုဝင်နယ်မြေ အရေအတွက်ဟာ ယခင်ကထက် လျော့နည်းသွားတာတွေ (ဒါမှမဟုတ်) ပိုပြီးများပြားလာတာတွေ ဖြစ်လာနိုင်ပါတယ်။

နိုင်ငံတချို့ကတော့ အခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံအဖြစ်ရောက်ရှိခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ပြည်ထောင် စုနယ်မြေတွေရဲ့ အရေအတွက်နဲ့ နယ်နမိတ်တွေကို အတိအကျ မသတ်မှတ်နိုင်သေးဘဲ ယာယီအားဖြင့်သာ သတ်မှတ်ထားခဲ့ကြတဲ့အတွက် နှစ်အနည်းငယ်အတွင်းမှာပဲ နိုင်ငံရေးမြေပုံကို ပြန်လည်ပြီး ရေးဆွဲကြရတဲ့ နိုင်ငံတွေလည်းရှိပါတယ်။

Knowledge
Exchange
Movement

## အခန်း (၉)

## ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အားသာချက်၊ အားနည်းချက်များ

မတူညီတဲ့ လူမျိုးတွေ နေထိုင်ကြပြီး နယ်မြေအကျယ်အဝန်း ကြီးမားကျယ်ပြန့်တဲ့ နိုင်ငံတွေကို ဒီမိုကရေစီ ဖြစ်ထွန်းစေချင်ရင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးကြရပေမယ့် လို့ ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာလဲ တခြားဒီမိုကရေစီ နိုင်ငံရေးပုံစံတွေလိုဘဲ အားနည်းချက်တွေ၊ အားသာချက်တွေ အများအပြားရှိပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အားသာချက်

- ဖက်ဒရယ်စနစ်မှာ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတွေ အကြားမှာ အာဏာကို ခွဲဝေကျင့်သုံးကြပါတယ်။ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတွေအကြား အပြန်အလှန် ထိန်းညှိနိုင်ပါတယ်။
- အာဏာတွေကို ဗဟိုအစိုးရ တစ်ခုတည်းရဲ့ လက်ထဲမှာသာ ပေးအပ်မထားဘဲ ပြည်နယ်အစိုးရတွေကပါ မျှဝေသုံးစွဲနိုင်ကြတဲ့အတွက် နိုင်ငံသားတွေကို နိုင်ငံရေးဖြစ်စဉ်နဲ့ ပိုမိုနီးကပ်မှု ရှိစေနိုင်ပါတယ်။ အစိုးရရဲ့ မူဝါဒချမှတ်မှုတွေနဲ့ ဥပဒေပြုမှုတွေမှာလည်း ပိုမိုပြီး ပါဝင်ပတ်သက်လာစေနိုင်ပါတယ်။
- ပြည်နယ်တွေကို အာဏာတချို့ လွှဲအပ်ထားတဲ့အတွက် ပြည်နယ်တွေအနေနဲ့ သူတို့ရင်ဆိုင်နေတဲ့ ပြဿနာတွေနဲ့ အခက်အခဲတွေကို ပိုမိုပြီး လျှင်လျှင်မြန်မြန်နဲ့ အဆင်ပြေ ချောမွေ့စွာ ဖြေရှင်းဆောင်ရွက်နိုင်ပါတယ်။
- ပြည်နယ်အစိုးရတွေအနေနဲ့ ပြည်နယ်သူ/သားတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုသိရှိနားလည်နိုင်ကြတဲ့အတွက် လိုအပ်ချက်တွေနဲ့ ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်တဲ့ နေရာမှာလည်း ပိုမိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါတယ်။

- ကွဲပြားတဲ့ မူဂါဒတွေကို ပြည်နယ်တွေက ချမှတ်ကျင့်သုံးနိုင်ပါတယ်။ ထိရောက်ပြီး အောင်မြင်မှုရှိတဲ့ မူဂါဒနဲ့ လုပ်ထုံးလုပ်နည်းတွေကို အခြားပြည်နယ်တွေကပါ အတုယူပြီး ကျင့်သုံးနိုင်ပါတယ်။
- မတူညီ ကွဲပြားမှုတွေကို စုစည်းပေါင်းစုံ ပေးနိုင်ပြီး လူနည်းစုတွေရဲ့ အခွင့်အရေးတွေကို လည်း ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်။
- လူနည်းစုတွေရဲ့ ဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေ၊ စာပေယဉ်ကျေးမှုတွေကို ထိန်း သိမ်းစောင့်ရှောက်ပိုင်ခွင့်တွေကိုလည်း ရရှိနိုင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အားနည်းချက်များ

- ပြည်ထောင်စုနဲ့ ပြည်နယ်အဆင့်မှာ ဖွဲ့စည်းကြရတဲ့ ထပ်တူပြု အစိုးရအဖွဲ့အစည်းတွေ များပြားတဲ့အတွက် ငွေကြေးကုန်ကျမှု များပြားနိုင်ပါတယ်။
- ဗဟိုအစိုးရအနေနဲ့ မူဂါဒတွေကို ချမှတ်တဲ့အခါမှာ ပြည်နယ်/ဒေသအစိုးရတွေရဲ့ အဟန့် အတားပြုတာကို ကြုံတွေ့ရနိုင်ပါတယ်။
- အမျိုးသားအကျိုးစီးပွားနဲ့ ဆက်နွယ်တဲ့ ကိစ္စရပ်တွေအတွက် ဗဟိုအစိုးရနှင့် ပြည်နယ်အ စိုးရတွေ အကြားမှာ တူညီတဲ့မူဂါဒ ချမှတ်ရာမှာ အားနည်းတတ်ပါတယ်။
- အစိုးရအဆင့် (၂)ဆင့်ရှိတဲ့အတွက် လုပ်ငန်းတာဂန်တွေနဲ့ ပတ်သက်ပြီး တာဂန်ယူမှုတွေ မကွဲပြားတော့ဘဲ ရောထွေးမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။
- တစ်ပြည်နယ်နဲ့တစ်ပြည်နယ် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ မတူညီကြတဲ့အတွက် ပြည်နယ် တွေကို ဖြတ်ကျော်ဆောင်ရွက်ရတဲ့ ကိစ္စတွေမှာ ရှုပ်ထွေးပြီး ဂိုဂါဒကွဲပြားမှုတွေ ဖြစ်ပေါ် လာနိုင်ပါတယ်။

• ဗဟိုအစိုးရရဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ကြတဲ့ နေရာမှာလည်း ဗဟိုအဆင့်၊ ပြည်နယ်/ ဒေသန္တရအဆင့်တွေမှာ ညှိနှိုင်းဆောင်ရွက်ကြရတဲ့အတွက် အခက်အခဲတွေ ရှိတတ်ပါတယ်။

ဖက်ဒရယ်စနစ်ဟာ တစ်ပြည်ထောင်စနစ်က အာမခံပေးနိုင်တာထက် ပိုမိုပြီး ဒီမိုကရေစီကို ပဲဖြစ်ဖြစ်၊ ကောင်းမွန်တဲ့ အစိုးရစနစ်ကိုပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးတိုးတက်ရေးကိုပဲဖြစ်ဖြစ် အာမခံပေး နိုင်တာမျိုး မရှိပါဘူး။ ပဋိပက္ခတွေ၊ အကျင့်ပျက်ခြစားမှုတွေ၊ ဒီမိုကရေစီနဲ့ သက်ဆိုင်တဲ့ ချို့ယွင်း ချက်တွေကိုလည်း အလိုအလျောက် ပြေလည်အောင်လို့ ဖြေရှင်းပေးနိုင်တဲ့ စနစ်တစ်ခု မဟုတ်ပါ ဘူး။

ဖက်ဒရယ်စနစ် ကောင်းမွန်စွာ အလုပ်ဖြစ်ဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးကို ကျယ်ကျယ်ပြန့် ပြန့် လေးစားလိုက်နာတတ်တဲ့ အလေ့အထတွေနဲ့ လူမျိုးရေး/ဘာသာရေး ကွာဟမှုတွေနဲ့ ကွဲ ပြားခြားနားမှုတွေကို နားလည်သည်းခံပြီး အသာတကြည် လက်ခံနေရာ ပေးတတ်တဲ့ နိုင်ငံရေး အစဉ်အလာတွေ လိုအပ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုကို အဟန့်အတားဖြစ်စေတဲ့ အရာကတော့ ဒီမိုက ရေစီအခြေခံတွေ အားနည်းနေမှုပဲ ဖြစ်ပါတယ်။ နောက်ပြီး ဖက်ဒရယ်စနစ် ကောင်းမွန်စွာ အ လုပ်လုပ်နိုင်မှုဟာလဲ ဒီမိုကရေစီစနစ် ရှင်သန်တိုးတက်မှုတွေနဲ့လဲ ဆက်စပ်နေပါတယ်။ ဒါ ကြောင့် ဖက်ဒရယ်စနစ် ကောင်းမွန်စွာ ပုံပေါ်လာဖို့အတွက် လိုအပ်တဲ့ နက်ရှိုင်းတဲ့ နားလည်မှု တွေ၊ ပိုမိုအသေးစိတ်ကြတဲ့ အခြေခံစဉ်းမျဉ်းတွေ၊ လူမှုအလေ့အထတွေကို နားလည်သဘော ပေါက်ဖို့အတွက်ဆိုရင် ပြည်ထောင်စုဝင်နယ်မြေ အရေအတွက်ကို သတ်မှတ်တာ၊ နယ်မြေတွေ ပိုင်းခြားသတ်မှတ်ကြတာ၊ အာဏာခွဲဝေကြတာတွေကို ကျော်လွန်ပြီး စဉ်းစားကြရမှာ ဖြစ်ပါ တယ်။

# အခန်း (၁၀)

## နိဂုံး

မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက်လုံးမှာ အငြင်းပွားမှုနဲ့ ဂိဂါဒကွဲပြားမှု အဖြစ်ဆုံး စကားရပ်ကတော့ ဖက်ဒရယ်ဆိုတဲ့ စကားရပ်ပဲဖြစ်ပါတယ်။ တိုင်းပြည်ကို လွတ်လပ်တဲ့ တိုင်းပြည်ဖြစ်လာအောင် ကြိုးပမ်းကြတဲ့ အချိန်ကာလကစပြီး ယနေ့အချိန်ကာလအထိ အဲဒီစကားရပ်ရဲ့ အဓိပ္ပါယ်၊ ပုံသဏ္ဍာန်၊ အနှစ်သာရနဲ့ပတ်သက်ပြီး ကွဲပြားတဲ့ အယူအဆတွေ ပေါ်ပေါက်လာခဲ့ကြပါတယ်။

အာဏာရှင်စနစ် လက်အောက်ကနေ လွတ်မြောက်ဖို့အတွက် ကြိုးပမ်းတိုက်ပွဲဝင်ကြတဲ့ ကာလတစ်လျှောက်လုံးမှာလည်း ဒီမိုကရေစီအရေးနဲ့အတူ အရေးပါအရာရောက်တဲ့ ကိစ္စတစ်ရပ်အဖြစ် တည်ရှိခဲ့ပါတယ်။ တိုင်းပြည် အာဏာရှင်စနစ်အောက် စတင်ရောက်ရှိခဲ့ရတဲ့ အကြောင်းပြချက်တွေထဲမှာလည်း ဖက်ဒရယ်ဆိုတဲ့ စကားရပ် အပါအဝင်ဖြစ်ခဲ့ရပါတယ်။ စစ်အာဏာရှင်စနစ် တလျှောက်လုံးမှာ ဒီမိုကရေစီဆိုတဲ့ စကားရပ်ကဲ့သို့ပင် တားမြစ်ပိတ်ပင်ခံခဲ့ရတဲ့ စကားရပ်တစ်ခု ဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတဲ့ စကားရပ်ရဲ့ အနှစ်သာရကိုလည်း နားလည်မှုလွဲမှားအောင် ဖန်တီးခဲ့ကြပါတယ်။

တောင်တန်းဒေသမှာ အများစုနေထိုင်ကြတဲ့ လူမျိုးစုတွေက မြေပြန့်ဒေသနဲ့ အတူတကွ လွတ်လပ်ရေးကို တချိန်တည်း ရယူလိုတဲ့အတွက် ပင်လုံသဘောတူညီမှုကို ရယူပြီး အတူတကွ လွတ်လပ်ရေး ရယူနိုင်ဖို့အတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ပင်လုံသဘောတူညီမှုဟာ တောင်တန်းဒေသက မြေပြန့်ဒေသနဲ့အတူ လွတ်လပ်ရေး အတူတကွ ရယူဖို့ သဘောတူကြတဲ့ နိုင်ငံရေးသဘောတူညီမှု တစ်ခုမျှသာ မဟုတ်ပါဘူး။ အနာဂတ်မြန်မာနိုင်ငံရဲ့ နိုင်ငံဖွဲ့စည်းတည်ထောင်ပုံအတွက် အမြဲတမ်း အကိုးအကားပြုရတဲ့ အလွန်အရေးပါသော အထောက်အထား တစ်ခုဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံသမိုင်းမှာ လူများစု ဗမာလူ

မျိုးတွေနဲ့ လူနည်းစု တိုင်းရင်းသားတွေအကြား နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှုရဲ့ မှတ်တိုင် တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ တောင်တန်းဒေသမှာ နေထိုင်ကြတဲ့သူတွေနဲ့ မြေပြန့်ဒေသမှာ နေထိုင်ကြတဲ့သူတွေ စည်းစည်းလုံးလုံး ဆောင်ရွက်ခဲ့ကြတဲ့ စိတ်ဓာတ်ကိုလည်း ပင်လုံစိတ်ဓာတ် ဆိုပြီး သုံးစွဲခဲ့ကြပါတယ်။

အခုဆိုပါ ပင်လုံသဘောတူညီမှုမှာ အခြေခံအားဖြင့် တောင်တန်းနဲ့ပြည်မ လွတ်လပ်ရေး အတွက် အတူတကွ ပူးပေါင်းကြိုးပမ်းကြဖို့နဲ့ တောင်တန်းဒေသနေ လူမျိုးစုများက မိမိတို့ရဲ့ ကံကြမ္မာကို မိမိတို့ဘာသာ စီမံခွင့်ရရှိဖို့ ဖြစ်ပါတယ်။ ပင်လုံညီလာခံက ရရှိခဲ့တဲ့ သဘောတူညီမှုတွေဖြစ်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တန်းတူညီမျှမှုစတဲ့ အချက်တွေဟာ အနာဂတ်မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြမယ့် တိုင်းရင်းသား လူနည်းစုတွေရဲ့ အခွင့်အရေးတွေအတွက် အခြေခံမူတွေ၊ အာမခံချက်တွေ ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် လူနည်းစု တောင်တန်းသားတွေမှာ လူအများစု ဗမာလူမျိုးတွေက လွှမ်းမိုးအုပ်စိုးကြမှာကို စိုးရိမ်တဲ့ စိုးရိမ်ပူပန်မှုတွေလည်း ပေါ်ပေါက်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း ခေတ်သစ်မြန်မာနိုင်ငံအဖြစ် တည်ထောင်ကြတဲ့နေရာမှာ လိုအပ်တဲ့ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲကြတဲ့အခါမှာလည်း တောင်တန်းဒေသ တိုင်းရင်းသားတွေက သူတို့နေထိုင်ရာ နေရာဒေသတွေကို ၎င်းတို့ကိုယ်တိုင် အုပ်ချုပ်စီမံနိုင်မယ့် ပြည်နယ်တွေအဖြစ် ဖွဲ့စည်းပြီး ခေတ်သစ်မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် အကောင်အထည်ဖော်ဖို့အတွက် ကြိုးပမ်းခဲ့ကြပါတယ်။

မတူညီ၊ ကွဲပြားတဲ့ ဓလေ့စရိုက်၊ ယဉ်ကျေးမှု အစဉ်အလာတွေကို ကိုယ်စီပိုင်ဆိုင်ထားကြတဲ့ လူမျိုးအများအပြား စုပေါင်းပြီး အတူယှဉ်တွဲ နေထိုင်နိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု အယူအဆဟာ တိုင်းပြည်လွတ်လပ်ရေး ရယူဖို့နဲ့ တိုင်းပြည်သစ်တစ်ခု တည်ထောင်ဖို့အတွက် အခြေတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

တကယ်တမ်းတော့ ဖက်ဒရယ်ဟူသော စကားလုံးရဲ့ အနှစ်သာရဟာ ဒီမိုကရေစီအရေး ကဲ့သို့ပင် ကျယ်ဝန်းလေးနက်ပါတယ်။ ဖက်ဒရယ်စနစ်ဟာ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတွေ ကြား အာဏာခွဲဝေပြီး အုပ်ချုပ်ကြတဲ့ နိုင်ငံရေးအခင်းအကျင်းတစ်ခု၊ တိုင်းပြည်တစ်ခု ဖွဲ့စည်း ကြတဲ့နေရာမှာ ကျင့်သုံးတဲ့ ဖွဲ့စည်းမှုပုံစံတစ်ခု အဖြစ်ထက် ပိုမိုလေးနက်ပါတယ်။

ဖက်ဒရယ်ရဲ့ အနှစ်သာရကို အာဏာခွဲဝေမှု ပုံစံတစ်ခုအဖြစ်နဲ့သာ ယူဆပြီး ဖက်ဒရယ် ကို နိုင်ငံရေး အပေးအယူ ပုံစံတစ်ရပ်အဖြစ်သာ သဘောထား ဆောင်ရွက်ကြမယ်ဆိုရင် အဲဒီ နိုင်ငံဟာ ရှင်သန်ဖွံ့ဖြိုးတဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ် အဖြစ် ရေရှည်မှာ ရပ်တည် နိုင်ဖို့ မလွယ်ကူလှပါဘူး။ ဒါ့အပြင် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပေါ်ထွန်းလာအောင် ကြိုးပမ်း ကြရာမှာလည်း ဒီမိုကရေစီအခြေခံတွေ အပေါ်မှာသာမူတည်ပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဖက်ဒရယ်ဆိုတာဟာ လူတစ်ယောက်နဲ့ တစ်ယောက်၊ လူ့အုပ်စုတစ်စုနဲ့ တစ်စု၊ လူမျိုး တစ်မျိုးနဲ့ တစ်မျိုး၊ သမိုင်းကြောင်းအရ သီးခြားဂိုသေသတွေရှိတဲ့ ဒေသတစ်ခုနဲ့ တစ်ခုအကြား အပြန်အလှန် နားလည်ယုံကြည် လက်ခံကြပြီး တိုင်းပြည်နိုင်ငံ တစ်နိုင်ငံအဖြစ် အတူတကွ ဖွဲ့ စည်းနေထိုင်ကြမယ်ဆိုတဲ့ အတွေးအမြင် အယူအဆတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် ဖက်ဒရယ်စနစ်ကို အပြန်အလှန် အသိအမှတ်ပြု လေးစားစိတ်၊ အတူတကွ ပူး ပေါင်းဆောင်ရွက်လိုစိတ်တွေ အပေါ်မှာ အခြေခံကြရမှာ ဖြစ်ပါတယ်။ ဘယ်လိုပုံသဏ္ဌာန်မျိုး၊ ဘယ်လိုဖွဲ့စည်းပုံမျိုး ဖြစ်ရမယ်လို့ ပုံသေ သတ်မှတ်ထားလို့၊ ကြိုတင်ပြီး တွက်ဆထားလို့ရတဲ့ အရာမျိုး မဟုတ်ပါဘူး။ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ပုံ၊ ဖက်ဒရယ်ရဲ့ မတူ ညီကြတဲ့ အနှစ်သာရတွေနဲ့ ဆက်နွယ်ပြီး ပဋိပက္ခတွေနဲ့ စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်လာမှာ ကိုလည်း သတိချပ်ကြရမှာ ဖြစ်ပါတယ်။

အစိုးရအဆက်ဆက်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်ဖြစ်တည်မှုကို တိုင်းပြည်မှာ နေထိုင် ကြတဲ့သူတွေ အားလုံးနဲ့ အကြုံးဝင်ပြီး အားလုံးက လက်ခံယုံကြည်ရတဲ့ အတွေးအခေါ် အယူအ ဆမျိုး၊ ခိုင်မာတဲ့ မျော်မှန်းချက်မျိုးတွေနဲ့ မတည်ဆောက် မဖန်တီးနိုင်ခဲ့ကြပါဘူး။

မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်တဲ့နေရာမှာ ပါဝင်ကြမယ့် သူတွေအနေနဲ့ မိမိတို့ကိုယ်စားပြုထားတဲ့ သူတွေရဲ့ အကျိုးစီးပွားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ လိုအင်ဆန္ဒတွေကို တင်ပြဆွေးနွေးကြရမှာ ဖြစ်ပေမယ့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရှေးရှုပြီး ညှိနှိုင်းဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံးရဲ့ အနာဂတ်နဲ့ ဆီလျော်တဲ့ အကြောင်းအရာတွေကိုတော့ ပိုမိုအလေးထားပြီး ဆွေးနွေးညှိနှိုင်းကြဖို့ လိုအပ်ပါတယ်။

နိုင်ငံရေးခေါင်းဆောင်တွေမှာ ပြင်းပြတဲ့ နိုင်ငံရေးစိတ်ဆန္ဒ အာသီသတွေ ရှိနေရမှာ ဖြစ်ပါတယ်။ အဲဒီနိုင်ငံရေးစိတ်ဆန္ဒတွေဟာလည်း တစ်မျိုးသားလုံးကို လွှမ်းခြုံနိုင်တဲ့၊ တိုင်းရင်းသားအားလုံးနဲ့ ဆက်နွယ်တဲ့ အတွေးအခေါ် အယူအဆတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်တဲ့နေရာမှာ မရှိမဖြစ် အလိုအပ်ဆုံး တစ်ခုကတော့ အမြော်အမြင်ကြီးပြီး လက်တွေ့ကျတဲ့ ဒီမိုကရေစီခေါင်းဆောင်မှုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးစုပေါင်းစုံ၊ ဘာသာရေးပေါင်းစုံနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်တဲ့ နိုင်ငံသစ်တစ်ခုအဖြစ် ကြိုးပမ်းတည်ထောင်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို တည်ထောင်တဲ့နေရာမှာလည်း တိုင်းရင်းသားအားလုံး တန်းတူညီမျှ ပါဝင်ကြပြီး ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆောင်ရွက်ကြရတဲ့ "အတူတကွ ဖန်တီးပုံဖော် ဖက်ဒရယ်ပြည်ထောင်စုပုံစံ" (Creating Together Federalism)နဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လူမျိုးပေါင်းစုံနေထိုင်ကြတဲ့ တိုင်းပြည်တွေမှာ မတူညီကွဲပြားတဲ့ လူမျိုးစုတွေကို နိုင်ငံတော်အပေါ် သစ္စာစောင့်သိလာဖို့အတွက် စုစည်းသိမ်းသွင်းရတာ အလွန်အင်မတန်မှ ခက်ခဲပြီး ရှည်ကြာတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ သူတို့ရဲ့ ဘာသာစကားတွေ၊ ကိုးကွယ်ရာ အယူဝါဒတွေ၊ ဓလေ့ထုံးတမ်းတွေကို ဆက်လက်ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်နေမှသာ လူမျိုးစုတွေ အနေနဲ့ နိုင်ငံတော်အတွင်း ၄င်းတို့ပါဝင်နေတယ်လို့ လက်ခံယုံကြည်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင်

နိုင်ငံတော်ကနေ သူတို့ကို တန်းတူညီမျှ ဆက်ဆံမှသာ သူတို့ကိုသူတို့ တင်းပြည့်ကျပ်ပြည့် နိုင်ငံသားတွေဖြစ်တယ်လို့လည်း ယုံကြည်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း တိုင်းပြည်မှာ နေထိုင်ကြတဲ့သူတွေ အားလုံးနဲ့ အကြုံးဝင်တဲ့၊ အားလုံးက လက်ခံယုံကြည်ရတဲ့ "နိုင်ငံတော်တည်ဟန် အမျိုးသားအတွေးအခေါ်" တစ်ရပ် ပေါ်ပေါက်လာအောင် ဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့နေရာမှာ အတူမျှဝေဖန်တီးထားကြတဲ့ စရိုက်လက္ခဏာတွေ၊ ယဉ်ကျေးမှုပုံစံတွေနဲ့ တန်ဖိုးထားမှုတွေ၊ အတူမျှဝေသတ်မှတ်ထားတဲ့ အကျိုးစီးပွားတွေနဲ့ ရည်မှန်းချက်တွေ၊ အတူမျှဝေပြုစုထားကြတဲ့ စည်းမျဉ်းဥပဒေတွေ လိုအပ်ပါတယ်။

မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်ကြတဲ့အခါမှာ ပင်လုံစိတ်ဓာတ်လိုမျိုး စိတ်ဓာတ်တစ်ခု မရှိမဖြစ် လိုအပ်ပါတယ်။ ကိုယ့် ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကိုသာ ချစ်ခင်တဲ့ စိတ်ဓာတ်မျိုးလောက်နဲ့ မလုံလောက်တော့ပါဘူး။ ဒါကြောင့် ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကိုပဲ ချစ်ခင်တတ်တဲ့ စိတ်ဓာတ်ဟာ စစ်မှန်ပြီး ပြည့်စုံတဲ့ "ပြည်ထောင်စု စိတ်ဓာတ်" မဟုတ်ဘူးဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်။

နယ်မြေဒေသ တစ်ခုမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ နိုင်ငံသားတစ်ဦးဟာ အကြောင်းကြောင်းကြောင့် အခြားပြည်နယ်ဒေသတစ်ခုမှာ သွားရောက်အခြေချ နေထိုင်တာတွေလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် အခြား ပြည်နယ်တွေ၊ အခြား နယ်မြေဒေသတွေ၊ အခြား လူမျိုးတွေမှာ ဖြစ်ပျက်နေတဲ့ အရေးအရာ ကိစ္စရပ်တွေကိုလဲ ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးမှာ ဖြစ်ပျက်နေတဲ့ အရေးအရာတွေလိုမျိုး သဘောထားကြရမှာ ဖြစ်ပါတယ်။ ပါဝင်ပတ်သက် ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းမှာရှိတဲ့ နယ်မြေတွေကို မိမိတို့ရဲ့ ဘိုးဘွားအဆက်ဆက်က နေထိုင်ခဲ့ကြတဲ့ နယ်မြေတွေလိုမျိုး သဘောထားမှတ်ယူပြီး ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။